ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၆၈.၃၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ လယ်သမားအဖွဲ့ အစည်းအဝေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကော်မတီလုပ်ငန်း။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကော်မတီလုပ်ငန်း။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ဘတ်ဂျက် ပူးပေါင်း ကော်မတီအစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးဇဝန၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ တာဝန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနု၊ ရန်ကုန်(၁၀)၊ ကော်မတီ အစည်းအဝေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဘတ်ဂျက် အစည်းအဝေး။ ဦးတင်ရှုန်၊ တနင်္သာရီ(၆)၊ ကော်မတီအစည်းအဝေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်ရေးကိုယ်တာ။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကော်မတီ အစည်းအဝေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ဘတ်ဂျက်စိစစ်ရေး။ ဗိုလ်မှူးတိုးမင်းထွန်း၊ တပ်မတော်၊ ဘတ်ဂျက်ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးရယ်၊ ကယား(၇)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးကျွဲန်ခန်း၊ ချင်း(၁)၊ ဘတ်ဂျက်ကော်မတီ အစည်းအဝေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကော်မတီ အစည်းအဝေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကော်မတီ

အစည်းအဝေး။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်း(၆)၊ ကော်မတီ အစည်းအဝေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန (၄)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်

များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးမြို့နယ် အဝိုင်းကျေးရွာနှင့် ရန်ကုန် - မန္တလေးလမ်းမကြီးအား ဆက်သွယ်ထားသော အရှည်(၁)မိုင်ရှိသည့် ဂဝံလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက ပဲခူးမြို့နယ် အဝိုင်းကျေးရွာနှင့် ရန်ကုန်-မန္တလေးလမ်းမကြီးအား ဆက်သွယ်ထားသော အရှည်(၁)မိုင်ရှိသည့် ဂဝံလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာနဲ့ ရန်ကုန်-မန္တလေး လမ်းမကြီးကို ဆက်သွယ်ထားတဲ့ အရှည်(၁)မိုင်ရှိတဲ့ ဂဝံလမ်းကို ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်ထဲမှာရှိတဲ့ အဝိုင်းကျေးရွာဟာ အိမ်ထောင်စု(၇၀၀) ကျော်ရှိပြီးတော့ လူဦးရေ(၃၀၀၀)ကျော် နေထိုင်တဲ့ ရွာဖြစ်ပါတယ်။ ဒီ အဝိုင်းရွာကို ရွာတွင်းကနေပြီး ရန်ကုန်-မန္တလေးလမ်းမ လမ်းဟောင်းကို အရှည်(၁)မိုင်ရှိတဲ့ ဂဝံလမ်းကို ကျွန်တော်တို့ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ က ၂၀၀၅ ခုနှစ်မှာ လမ်းခင်းပေးထားတဲ့အတွက် နှစ်ပေါင်း(၁၀)နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီလမ်းအပိုင်းကို အဝိုင်းရွာ၊ ကံဦးပရိယတ္တိကျောင်းက ဆရာတော်က ကွန်ကရစ်လမ်း အဖြစ်တိုးမြှင့်ပြီးတော့ ခင်းပေးတဲ့အခါမှာ အကျယ်(၁၀)ပေ၊ ထု(၈)လက်မနဲ့ ပေပေါင်း(၇၈၀)ခန့်ပြီးစီးပြီး ဖြစ်ပါတယ်။ ကျန်တဲ့လမ်းကတော့ ပေ(၄၅၀၀)ကျန်ရှိနေပါတယ်။ ဒီရွာဟာ အဝိုင်း၊ ခုန်တိုင်း၊ ရွှေလှေ၊ တပ်ကလေး စတဲ့ ကျေးရွာတွေက ရွာသူ/ရွာသားတွေလည်း နေ့စဉ်အသုံးပြုနေရတဲ့ လမ်းဖြစ်ပါတယ်။ ပဲခူးမြို့ကို စပါး၊ ပဲစတဲ့ လယ်ယာထုတ်ကုန်တွေ ရောင်းချနေတာ ဖြစ်ပါတယ်။ ဒ့ါအပြင်ကို ကျောင်းသားဦးရေ(၁၂၀)ခန့် နေ့စဉ်သွားလာ အသုံးပြုနေတဲ့လမ်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျန်ရှိနေတဲ့ လမ်းအပိုင်း (၄၅၀၀' x ၁၀' x ၈") ကို ကွန်ကရစ်လမ်းအဖြစ်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှု အခက်အခဲများကို အခြား အာဆီယံနိုင်ငံများကဲ့သို့ ထိရောက်သည့် စီမံကိန်းကြီးတစ်ရပ် ချမှတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှု အခက်အခဲများကို အခြားအာဆီယံနိုင်ငံများကဲ့သို့ ထိရောက်သည့် စီမံကိန်းကြီးတစ်ရပ် ချမှတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ စီးပွားရေးမြို့တော် ရန်ကုန်မြို့မှာ နှစ်စဉ်ကြုံတွေ့နေရတဲ့ ဒီ ရေကြီးရေလျှံမှု အခက်အခဲတွေကို အိမ်နီးချင်း အာဆီယံနိုင်ငံတွေမှာလို ထိရောက်တဲ့ စီမံကိန်းကြီးတွေ ချမှတ်ပြီးတော့ ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူဦးရေ(၆)သန်း မှီတင်းနေထိုင်တဲ့ ရန်ကုန်မြို့ဟာ မိုးရာသီရောက်တိုင်းမှာ ဒီ ရေကြီးရေလျှံမှုတွေက အမြဲတမ်းကြုံနေရပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဖြေရှင်းဆောင်ရွက်နေတယ် ဆိုပေမယ့်လည်း ထိရောက်တဲ့ စီမံကိန်းမျိုးတော့ မဟုတ်သေးပါဘူးခင်ဗျား။ ကျွန်တော်တို့ ဒီရန်ကုန်မြို့မှာရှိတဲ့ ရေထုတ်ပြွန်တွေ၊ ရေမြောင်းစနစ်တွေဟာ ဆိုရင် ကျွန်တော်တို့ ဒီ မြို့ထဲ Downtown ဧရိယာဆိုရင် ဟိုး ကိုလိုနီခေတ် ထဲကနေပြီးတော့ တည်ရှိနေတာပါ။ အဲဒီတော့ ဒီစနစ်တွေကိုတောင်မှ ပြုပြင်ထိန်းသိမ်းမှု လုပ်နိုင်တဲ့အပိုင်းက တော်တော်နည်းပါတယ်။ ဒီ နှုံး ဆယ်တာ၊ ကျွန်တော်တို့ ဒီ ရေစီးရေလာကောင်းအောင် လုပ်နိုင်တာတောင် နည်းတဲ့အခါကျတော့ ဒီထက် မက ကျွန်တော်တို့က ဒါကို System တစ်ခုပေါ့နော်၊ စီမံကိန်းကြီးတစ်ခု လုပ်ပြီးတော့ကို ဖြေရှင်းဆောင် ရွက်မှ ရမယ်လို့ ဒီလိုပဲ တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ဒီ မိုးရွာတာရယ်၊ နောက် ဒီရေနဲ့ပါ ဆက်စပ်နေပါတယ်ခင်ဗျား။ ဒီရေတက်လာပြီဆိုရင် အထူးအားဖြင့် ကျွန်တော်တို့ ဒီရေနဲ့ ဆက်စပ်နေတဲ့ ပုဇွန်တောင်ချောင်းတို့၊ ငမိုးရိပ်ချောင်းတို့ အဲဒီကနေပြီးတော့ ဒီရေတွေဝင်လာပြီဆိုရင် ကျွန်တော်တို့ ရွာထားတဲ့ မိုးရေကလည်း ပြန်မဆင်းနိုင်ဘူး။ ဒီရေကတွန်းပြီးတော့ ခံနေတဲ့အတွက်ကြောင့်မို့လို့ အဲဒီတော့ ရေမြုပ်တာဟာ တော်တော်ဆိုးပါတယ်။ အထူးအားဖြင့် ကျွန်တော်တို့ ဒီ ဇီဝိတသံဃဆေးရုံ ဘေးနားတို့၊ ဗဟန်းမြို့နယ်၊ နောက် ဒီ တာမွေ၊ ကျွန်တော်တို့ လမ်းငါးဝဆုံ၊ မြို့ထဲဆိုရင်လည်း ဒီလိုပါပဲခင်ဗျား။ မြို့ထဲ ဒီကျွန်တော်တို့(၂၁)လမ်း၊ (၂၂)လမ်း၊ ဒီဟာတွေအကုန်လုံးဟာ ရေကတော်တော်ကို မြုပ်တာပါ ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေမှာ ဘယ်လိုဆောင်ရွက်သလဲဆိုတာလေး အဲဒီအပိုင်းလေးကို တင်ပြချင်တာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ Power Point အနည်းငယ် အသုံးပြုခွင့် ပြုပါခင်ဗျား။ ကျွန်တော်တို့ အခု မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာလည်း ဒီ ရေလျှံတဲ့ အခက်အခဲတွေ ဒါ ပုံမှာမြင်တဲ့အတိုင်းပါပဲ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ထက်တောင်မှ ပိုဆိုးတဲ့ အနေအထားပါ။ ဒီလို အနေအထားမျိုးတွေကို သူတို့ နှစ်ပေါင်းများစွာ ကြုံတွေ့နေရတာပါ။ အဲဒီတော့ ကျွန်တော် Slide မှာ ပုံလေးတစ်ပုံကျန်ခဲ့လို့ပါ။ တကယ့်တကယ်တော့ ၁၉၆၀၊ ၁၉၇၀ လောက် က ရိုက်ထားတဲ့ ပုံလေးတစ်ပုံရှိပါသေးတယ်။ အဲဒီအထဲက ဖြစ်နေတဲ့ဟာ၊ ဒီ ကားတွေရဲ့ Model ကို ကြည့် ခြင်းအားဖြင့် ဒါ ဒီဘက်ခေတ်ပိုင်းပေါ့နော်၊ ဒါ သက္ကရာဇ် ၂၀၀၀ ကျော်အထိ ဒီလိုမျိုးကြုံတွေ့နေရ တယ်ဆိုတာ ပုံထဲမှာမြင်တဲ့အတိုင်းပါပဲ။ အဲဒါကို ဘယ်လိုဖြေရှင်း ဆောင်ရွက်သလဲဆိုတဲ့ ပုံစံလေးလည်း ပြချင်ပါတယ်။ ဒါက ကျွန်တော်တို့ မြေအောက်မှာ ဖောက်ထားတဲ့ တူးမြောင်းကြီးပါ။ ဒီပုံမှာပြထားတဲ့ အတိုင်းပါပဲ။ အပေါ်က နှစ်ထပ်က ဒါ ကားသွားတဲ့လမ်းအဖြစ် အသုံးပြုပါတယ်။ အောက်ကတော့ ကျွန်တော်တို့ ရေနုတ်မြောင်းအနေနဲ့ သူတို့ အသုံးပြုထားတာပါ။ ဒီနေရာမှာ တစ်ခုထူးခြားတာက ရေကြီး ရေလျှံတကယ်ဖြစ်လာတဲ့ အခါကျရင် ဒီ မြောင်းကြီးတစ်ခုလုံးကို Block လုပ်လိုက်တယ်။ လုပ်လိုက်ပြီးတဲ့ အခါကျတော့ ကားတွေသွားလို့ မရတော့ဘူး။ ဒီ မြောင်းကြီးတစ်ခုလုံး၊ လိုဏ်ခေါင်းကြီး တစ်ခုလုံးဟာ ရေထုတ်တဲ့ ပြွန်ကြီး ဖြစ်သွားတယ်ခင်ဗျား။ အဲဒီတော့ ဒီအထဲမှာ ဆင်ထားတဲ့ ဒီ အလင်းရောင်ပေးတဲ့ မီးလုံးတွေ၊ ဘာတွေကအစ အားလုံးဟာ Water Proof တွေပါ။ ရေစိမ်ခံတဲ့ ပစ္စည်းတွေနဲ့ သူတို့ တည်ဆောက်ထားတာပါ။

နောက်တစ်ပုံမှာဆိုရင် ပိုပြီးထင်ရှားပါတယ်ခင်ဗျား။ ဒါ ကျွန်တော်တို့ မြင်တဲ့အတိုင်းပါပဲ။ အပေါ်နှစ်ထပ်က ကားတွေ အသွားအလာလုပ်ပါတယ်။ အောက်ဆုံးမှာကျတော့ ဒါ ရေထုတ်တဲ့ စနစ်ပါ။ ခုနတင်ပြခဲ့သလိုပါပဲ လုံးဝရေကြီးပြီးတော့ ရေလျှံလာတဲ့ အချိန်ကျရင် ကွာလာလမ်ပူမြို့ကလည်း ဘေးမှာ ကျွန်တော်တို့ မြစ်တွေ ဝိုင်းရံပြီးတော့ စီးနေတာပါ။ ကျွန်တော်တို့ ရန်ကုန်မြို့ရဲ့ အနေအထားနဲ့ တော်တော် လေးတူပါတယ်။ ဒီထဲကနေပြီးတော့ လွှတ်လိုက်တာပါ။ အဲဒီတော့ ဒီ မြောင်းကြီးတစ်ခုထဲပဲလားဆိုတော့ မဟုတ်သေးပါဘူး။ ပြီးရင် ကျွန်တော် အဲဒီကျန်တဲ့ ဟိုဟာလေးလည်း ဆက်ပြီးတော့ တင်ပြပေးပါ့မယ်။ သူက ရေမြောင်းကြီးတစ်ခု လုပ်လိုက်ပါတယ်။ နောက်တစ်ခုကကျတော့ မြို့ကို ဘယ်၊ ညာခွဲခြမ်းပြီးတော့ တူးမြောင်းကြီး(၂)ခု တူးပါတယ်။ တူးပြီးတဲ့ အခါကျတော့ ဒီ ပိုလျှံလာတဲ့ ရေတွေကို ခုနကျွန်တော်တင်ပြ ခဲ့သလိုပါပဲ။ ဒီရေကလည်း တိုးနေတဲ့အခါကျတော့ ဒါဘယ်လိုမှ မြစ်ထဲကို ပြန် drain လုပ်လို့ မရဘူး။ Reservoir ကြီးတွေ ထားပြီးတော့ ရေလှောင်ကန်ကြီးတွေ ထားပြီးတော့ အဲဒီရေလှောင်ကန်ထဲကို ပို့ လိုက်တယ်။ ပို့ပြီးတဲ့အခါကျတော့ ဒီရေပြန်ကျသွားတော့မှ ရေလှောင်ကန်ကနေပြီး ပြန်ပြီးတော့ လွှတ်တဲ့ စနစ်မျိုးကို သုံးတာပါခင်ဗျား။ ပြီးရင် ကျွန်တော် Animation လေးလည်း တင်ပြပေးပါ့မယ်။

နောက်တစ်မြို့ကတော့ ဘန်ကောက်မြို့ပါ ခင်ဗျား။ ဒါလည်း ဒါ ဘန်ကောက်မြို့ပါ။ ကျွန်တော် တို့ ဒီ အယုဒ္ဓယမှာ ရေကြီးတာဆိုရင် ဒါ တော်တော်လေးကို ဟို ဆိုးဆိုးဝါးဝါး အခြေအနေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ ကျွန်တော်တို့ (AIPA) အစည်းအဝေးသွားရောက်စဉ် ကာလတုန်းက အယုဒ္ဓယမှာ ရေရင်ခေါင်းလောက်အထိမြုပ်နေတဲ့ အခက်အခဲမျိုးပါ။ အဲဒီတော့ အဲဒီမှာလည်း ထိုင်းနိုင်ငံ က ဘယ်လိုဖြေရှင်းသလဲဆိုတာလေးကို တင်ပြလိုပါတယ်ခင်ဗျား။

ဘန်ကောက်မြို့ဟာ ကျွန်တော်တို့ ရန်ကုန်မြို့ထက်ပိုပြီးတော့ နိမ့်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်ထက် (၇)လက်မလောက်ပဲ မြင့်တော့တာပါ။ အဲဒီတော့ အယုဒ္ဓယတောင်မှ ဒီပုံထဲမှာ မြင်တဲ့အတိုင်းပါပဲ ခင်ဗျား။ အယုဒ္ဓယတောင်မှ ရေဒီလောက်တင်တယ်ဆိုရင် ဘန်ကောက်ဟာ ရေ တောက်လျှောက်လွှမ်းနေရမယ့် အနေအထားပါ။ သို့သော် ကျွန်တော်တို့ ပုံမှာတင်ပြထားတဲ့အတိုင်းပဲ သူက ရေ Level ကို ညှိပြီး၊ ထိန်းပြီးတော့ ကျွန်တော်တို့ ဒီဘက်က တူးမြောင်းတွေ ဖောက်ထားတယ်။ ပြီးတဲ့အခါကျတော့ ဒီဘက် ပင်လယ်ဘက်မှာလည်း ကျွန်တော်တို့ Reservoir ပေါ့နော်၊ ဟို ရေလှောင်တမံကြီး တစ်ခုထားပါတယ်။ ဒီ မြို့ရဲ့ ဘန်ကောက်နဲ့ အယုဒ္ဓယကြားမှာလည်း ထားပါတယ်။ အဲဒီကနေပြီးတော့ ရေ Level ကို ထိန်းညှိပေး တာပါခင်ဗျား။ ဒါမြင်တဲ့အတိုင်းပါပဲ ခင်ဗျား။ ကျွန်တော်တို့ ဘန်ကောက်ကို သွားတဲ့အခါကျ ဒီ တူးမြောင်းကြီးတွေကို တောက်လျှောက်တွေ့နေရပါတယ်။ ဒီ တူးမြောင်းတွေနဲ့ပဲ ထိန်းပြီးတော့ ဒီလို ဖြေရှင်းဆောင်ရွက်ပါတယ်။

နောက်ထပ် ကျွန်တော်တို့ ဗွီဒီယိုကလစ် လေးတင်ပြပေးပါ။ ကျွန်တော်တို့ ဒီလို စီမံကိန်းကြီးတွေ ဒါ ဒီမှာပါခင်ဗျား။  မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှာ ရေထိန်းတဲ့ စနစ်ပါခင်ဗျား။ ရေတံခါးကြီးတွေနဲ့ ပိတ်ပြီးတဲ့ အခါ ကျတော့ တစ်ဘက်က ဒါ Manmade ဟိုဟာပါ ခင်ဗျား။ Canal ကြီးပါ။ လူလုပ်တဲ့တူးမြောင်းပါ။ ဒါ ရေတံခါးကြီးတွေ တပ်ဆင်နေတဲ့ ပုံဖြစ်ပါတယ်။ ဒါတွေနဲ့ ဒီလိုထိန်းလိုက်တယ်။ ထိန်းပြီးတဲ့အခါကျတော့ ရေလမ်းကြောင်းကို လွှဲလိုက်ပြီးတဲ့ အခါကျတော့မှ ကျွန်တော် ခုနတင်ပြသလိုပါပဲ။ မြို့ရဲ့ အရှေ့နဲ့ အနောက်နဲ့ နှစ်ခြမ်းမှာ တူးမြောင်းကြီး နှစ်သွယ်တူးထုတ်လိုက်ပြီးတဲ့ အခါကျတော့မှ ဒါက Reservoir ကြီးတွေပါခင်ဗျား။ ရေလှောင်ကန်ကြီးတွေ ဖြစ်ပါတယ်။ အဲဒီ ရေလှောင်ကန်ကြီးတွေထဲကို ပို့လိုက်တာပါ ခင်ဗျား။ အဲဒီတော့ ကြီးနေတဲ့ရေကို မြစ်ထဲသွားထည့်လို့လည်း မရဘူး။ တစ်ဘက်က ဒီရေက ပြန်တွန်းနေမှာပဲ။

အဲဒီတော့ ဒီနေရာမှာ တင်ပြလိုတာကတော့ ရန်ကုန်မြို့တော်ကို တကယ်စစ်မှန် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတကာအဆင့် မြို့တော်တစ်ခုအဖြစ် ထူထောင်တော့မယ်ဆိုရင် ဒီ Infrastructure ဟာ လုပ်ကို လုပ်ရတော့မှာပါ ခင်ဗျား။ ဒီလို မိုးရွာမှ မြောင်းဆယ်ရုံလောက်နဲ့တော့ မရတော့ပါဘူး။ ဒီလို မဟာစီမံကိန်း ပေါ့၊ Project ကြီးတစ်ခုတော့ လုပ်ရတော့မှာပါ။ အဲဒီတော့ ဒီနေရာမှာ Financial အပိုင်း၊ Budget အပိုင်း ပါလာပါလိမ့်မယ်။ ဒီ ရန်ပုံငွေကို ဘယ်ကကျခံမှာလဲ။ ကျခံဆောင်ရွက်မှာလဲ။ တိုင်းဒေသကြီးအဖွဲ့ ရန်ပုံငွေနဲ့ မလုံလောက်ဘူးဆိုရင် နိုင်ငံတော်သမ္မတရဲ့ အထူးရန်ပုံငွေထဲကပဲ ထိထိရောက်ရောက် ဒါကိုကျခံပြီး ဆောင်ရွက်ပေးမလား။ နိုင်ငံတော်သမ္မတရဲ့ အထူးရန်ပုံငွေနဲ့တောင်မှ မလုံလောက်နိုင်ဘူးဆိုရင် ကျွန်တော်တို့ ASIA Development Bank တို့၊ နောက်တစ်ခါ World Bank တို့ကနေပြီးတော့ ဒီလိုငွေတွေ အကူအညီ၊ နည်းပညာအကူအညီတွေ ရယူပြီးတော့ကို ဖြေရှင်းဆောင်ရွက်မှ ကျွန်တော်တို့ ဒါဆောင်ရွက်နိုင်မယ့် အနေအထားရှိမယ်လို့ ထင်ပါတယ်။ နို့မဟုတ်ရင်တော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာ အခု ကွန်ဒိုမီဒီယံတွေလည်း အများကြီး ဖွံ့ဖြိုးလာပါပြီ။ တိုးတက်လာပါပြီ။

သို့သော်လည်း ကျွန်တော်တို့ ဒီ ရေကြီးရေလျှံမှုကို မဖြေရှင်းနိုင်ဘူးဆိုရင် ခုန ကျွန်တော် စောစောတုန်းက တင်ပြခဲ့သလိုပါပဲ။ ကွာလာလမ်ပူမြို့တော်ကြီးမှာ ဒီလောက် ကားသစ်ကြီးတွေ၊ လမ်းသစ်ကြီးတွေ ဖြစ်ပေမယ့် ရေလွှမ်းနေတဲ့ အခြေအနေမျိုးကတော့ ကျွန်တော်တို့ တောက်လျှောက်ကြုံတွေ့နေရ မှာပါပဲခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းလေး အဆုံးသတ်တဲ့ အချိန်မှာ တစ်ခုလေးတင်ပြလိုပါတယ်။ ခုနက တင်ပြသွားတဲ့ Power Point များကို ကျွန်တော်တို့ကို ကူညီပြီးတော့ ဆောင်ရွက်ပေးတာက ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ သုတေသန ပြည်သူ့ဆက်ဆံရေးနဲ့ နိုင်ငံတကာဆက်ဆံရေးဌာနကြီးက နေပြီးတော့ ကူညီပံ့ပိုးတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုနဲ့ ဒီကျွန်တော်တို့ Information ကောင်တာလေးမှာ ဒါလေး၊ ဒါလေးတွေတော့ မေးခွန်းမေးမြန်းဖို့ ရှိပါတယ်။ စာတိုလေးတစ်ကြောင်းပါပဲ ခင်ဗျား။ ပေးပို့ခဲ့တဲ့အချိန်မှာ ဒီနေ့အကူအညီတောင်းပါတယ်။ နောက်တစ်ရက် နေ့လယ်ခင်းမှာ ဒီ Slide တွေ အကုန်လုံး အပြည့်အစုံနဲ့ Animation တွေရော၊ အကုန်လုံး အပြည့်အစုံနဲ့ ဒီလိုဆောင်ရွက်ပေးနိုင်တာကိုလည်း အင်မတန်မှ အမျိုးသားလွှတ်တော်အနေနဲ့ ဂုဏ်ယူဖို့လည်း ကောင်းပါတယ်။ ကျေးဇူးလည်း တင်ရှိပါတယ်ဆိုတာကို တင်ပြပါတယ်။

အဲဒီတော့ ဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ သမ္မတရုံး၊ ဒုတိယဝန်ကြီးကို ဒီလို စီမံကိန်းကြီး တစ်ခုပေါ့နော် ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိပါသလား။ ဘယ်လို ဘဏ္ဍာရန်ပုံငွေမျိုးကနေ သုံးစွဲပြီးတော့ ဆောင်ရွက်ပေးပါ့မလဲဆိုတာကို ဒါ ရန်ကုန်မြို့တော်သူ/ မြို့တော်သားများ အားလုံးရဲ့ ကိုယ်စား လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။


မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၏ ရေလျှံနေသော မြင်ကွင်းပုံ (၃)



မြောက်အောက်တွင် ဖောက်ထားသော တူးမြောင်းကြီး၏ မြင်ကွင်းပုံ (၃-၁)




ဘန်ကောက်မြို့၏ မြင်ကွင်းပုံ (၃-၂)




**အချိန်၊ ၁၀း၂၃။**

**ဦးတင့်ဆွေ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာကနေပြီးတော့ ရန်ကုန်-မန္တလေး လမ်းအထိ ဆက်သွယ်တဲ့လမ်းဟာ (၉.၁၉)မိုင်ရှိပါတယ်။ အရှည်(၄.၈၅)မိုင်ဟာ ကွန်ကရစ်လမ်းဖြစ်ပြီးတော့ ကျန်တဲ့ (၄.၃၄)မိုင်ဟာဂဝံလမ်းဖြစ်တဲ့အတွက်ကြောင့် ကွန်ကရစ်ခင်းရန်အတွက်ကို လမ်းအရှည်ဟာ (၄.၃၄)မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ ကွန်ကရစ်တံတား(၂)စင်းနဲ့သစ်သားတံတား(၁)စင်းရှိတဲ့အနက် ကွန်ကရစ်တံတား(၁)စင်းမှာ ပျက်စီးလျက်ရှိပါတယ်။

အဆိုပါလမ်းကို ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၁၂)ရွာ၊ အိမ်ခြေ(၂၁၇၁)အိမ်၊ လူဦးရေ(၉၉၈၆)ဦး အကျိုးပြုသွားလာလျက်ရှိပါတယ်။ အဝိုင်းကျေးရွာကနေပြီး ရန်ကုန်-မန္တလေး လမ်းအထိဆက်သွယ်တဲ့လမ်းကို (၄.၃၄ မိုင် x ၁၀' x ၈") ကွန်ကရစ်လမ်းခင်းမယ်၊ ဆောင်ရွက်မယ် ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေဟာ (၆၈.၀၂)သန်းကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါ လမ်းပေါ်မှာ (၂၀)ပေ၊ (၁၂)ပေ၊(၈)ပေ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်မယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေဟာ ကျပ်(၁၂)သန်းကုန်ကျမှာဖြစ်ပါတယ်။

အရှည်(၀/၄.၃၄)မိုင် ကွန်ကရစ်ခင်းခြင်းအတွက်ကို ငွေကျပ်(၆၈.၀၂)သန်း၊ ကွန်ကရစ်တံတားတစ်စင်းအတွက်ကို ငွေကျပ်(၁၂)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ(၈၀.၀၂)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဖော်ပြပါလမ်းကိုလောလောဆယ်အားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး။ အဆိုပါ ကုန်ကျငွေကို မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ကျခံသုံးစွဲနိုင်ရေးကို တင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်ကပဲ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုး မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်းရဲ့ ရေစီးရေလာဟာ မူလက လူဦးရေသုံးသောင်းခန့်အတွက်သာ ရည်ရွယ်ပြီးတော့ မြို့တွင်း(၆)မြို့နယ်နဲ့ ဆက်စပ်မြို့နယ်များကို ၎င်းလူဦးရေနဲ့ သင့်တော်တဲ့ လမ်းဘေးရေမြောင်းများ၊ မြေအောက်မြောင်းများ ပြုလုပ်ပေးပြီးတော့ မူလရှိတဲ့ သဘာဝမြောင်း၊ ချောင်းများနဲ့ပေါင်းစပ်ပြီးတော့

လှိုင်မြစ်၊ ရန်ကုန်မြစ်နဲ့ ပုဇွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်းအတွင်းကို သဘာဝရေစီးအား Gravity Flowနဲ့ စွန့်ထုတ်ခြင်းကို အခြေခံပြီးတော့တည်ဆောက်ထားခဲ့ပါတယ်။

ယခုအခါမှာ တိုးပွားလာတဲ့ လူဦးရေနဲ့ မြို့ပြဖွံ့ဖြိုးမှုရဲ့ အထပ်မြင့်အဆောက်အဦအသစ်များ၊ အိမ်ရာစီမံကိန်းအသစ်များဟာ ဖွံ့ဖြိုးပြီးမြို့နယ်များတွင်သာ တိုးချဲ့ဆောက်လုပ်လျက်ရှိတဲ့အပြင် မူလသဘာဝမြေအနိမ့်၊ အမြင့်အရ တည်ရှိခဲ့တဲ့ ရေဝပ်ဧရိယာ နဲ့ရေထိန်းကန် Retention Basin များကိုလည်း ပြုပြင်ပြီးတော့ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ရေပိုမိုအသုံးချပြီးတော့ Open Drain များကို ပြုပြင်ပြောင်းလဲပြီးတော့ Closed Drain များဖြင့် ဆောင်ရွက်ခြင်း၊ New Central Business District Area များ ဖော်ဆောင်နိုင်ခြင်းမရှိသေးတဲ့အတွက်ကြောင့် လက်ရှိဖွံ့ဖြိုးပြီး မြို့နယ်များအတွင်း၌သာ တိုးချဲ့ဆောင်ရွက်လျက်ရှိတဲ့ မြို့ပြရဲ့ ဖွံ့ဖြိုးမှုများကြောင့် ရွာသွန်းတဲ့ မိုးရေရဲ့ ရေစိမ့်ဝင်နိုင်တဲ့ Infiltration Area များဖြစ်တဲ့ မြက်ခင်းပြင်တွေ၊ ကွင်းပြင်ကျယ်တွေ၊ ပကတိမြေသား လျော့နည်းလာတဲ့အတွက်ကြောင့် Run off Coefficient ဟာ ရွာသွန်းသမျှ မိုးရေရဲ့ (၉၀)ရာခိုင်နှုန်းအထိ လမ်းဘေး ရေမြောင်းများအတွင်းကို စီးဆင်းရတဲ့အတွက်ကြောင့် ရေမြောင်းရဲ့ လက်ခံနိုင်မှု Capacity ကို ကျော်လွန်သွားပြီးတော့ အချိန်တိုအတွင်းမှာပဲ လမ်းများပေါ်ကို ရေများ ရောက်ရှိလာပြီးတော့ လမ်းပေါ်မှာ ရေကြီး၊ ရေလျှံမှု ဖြစ်ပွားရခြင်း ဖြစ်ပါတယ်။

ထို့အပြင် ရန်ကုန်မြစ်အတွင်း မိုးရာသီဖြစ်ပေါ်တဲ့ ထူးကဲ ဒီရေ အပေါ်မှာလည်း တည်မှီနေပါတယ်။ မိုးရွာသွန်းချိန်နဲ့ ထူးကဲဒီရေ အတက်ဆုံးအချိန်တိုက်ဆိုင်ပါက ရေကြီး၊ ရေလျှံမှု ပိုမိုလာပါတယ်။ ရန်ကုန်မြို့အတွင်းမှာ ရေကြီး၊ ရေလျှံမှု မဖြစ်စေရေးအတွက်ကို ရေတို၊ ရေလတ်၊ ရေရှည်အပိုင်းများခွဲပြီးတော့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ရေတိုလုပ်ငန်းစဥ်အနေနဲ့ ရှိပြီးယခင် ရေမြောင်းအဟောင်းများအား ပြုပြင်မွမ်းမံ တိုးချဲ့ပြင်ဆင်ခြင်းနဲ့ မြစ်ထွက်ပေါက်များနဲ့ ချောင်းကြီးများမှာ ရေတံခါးများ တပ်ဆင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ရေလတ် လုပ်ငန်းစဥ်အနေနဲ့ ရေကြီး၊ ရေလျှံမှု မဖြစ်စေရေးအတွက်ကို လိုအပ်တဲ့ အခြေခံအချက်အလက်များကို ရရှိရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တွင်း(၆)မြို့နယ်နဲ့ ဆက်စပ်မြို့နယ်များမှ ပထမဦးစားပေးအဖြစ် Preliminary Survey များကို ပြင်ပဝင် ရေမရှိတဲ့ မြို့တွင်း(၃)မြို့နယ်ဖြစ်တဲ့ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားမြို့နယ်များကို ဆောင်ရွက်ပေးစေခဲ့ပါတယ်။

ကျန်ရှိတဲ့ မြို့နယ်များရဲ့ အခြေခံမြစ်ထွက်ပေါက်များအပေါ်မှာ မူတည်ပြီးတော့ အပိုင်းလိုက်ခွဲပြီးတော့ ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ရရှိလာတဲ့ အချက်အလက်များကို အခြေခံပြီးတော့ Feasibility Study ဆက်လက်ဆောင်ရွက်နိုင်ရေး အတွေ့အကြုံနဲ့ နည်းပညာရရှိရေးကို ပြည်ထောင်စုအစိုးရကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရေရှည်လုပ်ငန်းစဥ်အနေနဲ့ အထက်ပါအချက်အလက်များအပေါ် အခြေခံပြီးတော့ ပိုမိုတိုးချဲ့ဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဥ်များနဲ့ ပေါင်းစပ်ဆောင်ရွက်သင့်တဲ့ ဌာနများကို ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ပုံစံဒီဇိုင်းများပြုလုပ်ခြင်း၊ ခန့်မှန်းကုန်ကျငွေများတွက်ချက်ခြင်းများကို လမ်းညွှန်မှုနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သုံးစွဲကုန်ကျမယ့် ဘဏ္ဍာငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျခံနိုင်ခြင်းမရှိပါက နိုင်ငံတော်သမ္မတရဲ့ အထူး

ရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရန်နဲ့ နည်းပညာရရှိရေးအတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြတ်ညာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးမြန်းခွင့်ပြုပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖြေဆိုတဲ့မေးခွန်းက ပြည့်စုံပါတယ်။ ဒါ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်ပြီးတော့ တင်ပြမယ်ဆိုတာ၊ ဒါကြောင့်မို့လို့ သမ္မတရုံးဝန်ကြီးဌာန၊ ဝန်ကြီးကို မေးလိုတာပါ။

ကျွန်တော်တို့ ဒီနေပြည်တော်မှာဆိုရင် ဒီဆင်သေချောင်းကြီးဖြောင့်ထားတယ်။ နေပြည်တော်ရဲ့ Infrastructure တွေကို အသေအချာ ဆောင်ရွက်သလိုပေါ့နော်၊ ရန်ကုန်မြို့တော်ကိုလည်း ခုနတုန်းက တင်ပြခဲ့သလိုပဲ တိုင်းဒေသကြီးအစိုးရ ကနေပြီးတော့ တင်ပြလာတဲ့အခါကျရင် ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ အစီအစဉ်များ ရှိပါသလား၊ ဒါမှမဟုတ်ရင်လည်း ဒါ အပေါ်မှာ ဘယ်လိုသုံးသပ်ပြီးတော့ ဆောင်ရွက်ပေးမလဲ ဆိုတာကို ဒါ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ အခုက ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ပဲ ဒါ အစိုးရအဖွဲ့အနေနဲ့ စဉ်းစားပြီးတော့ ဆောင်ရွက်ပေးသွားမယ်လို့ ယူဆပါကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မဏိပူရ်ဆည်အား ပြီးစီးအောင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က မဏိပူရ်ဆည်အား ပြီးစီးအောင် မည်ကဲ့သို့ဆက်လက် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ မဏိပူရ်ဆည်နဲ့ ပတ်သက်တဲ့ ကိစ္စဖြစ်ပါတယ်။ မဏိပူရ်ဆည်ဟာ ကလေးမြို့ရဲ့တောင်ဘက် (၂၇)မိုင်ခန့်အကွာမှာ တည်ဆောက်နေတဲ့ ဆည်ကြီး တစ်ဆည် ဖြစ်ပါတယ်။ မူလ ရည်မှန်းချက်အရတော့ အကျိုးပြုဧက(၅)သောင်းကျော်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား(၃၈၀)မဂ္ဂါဝပ် ထွက်ရှိမဲ့ ဆည်ကြီးတစ်ဆည်ဖြစ်ပါတယ်။ ဒီဆည်ဟာ ကျွန်တော်တို့ ဒီဆည်တည်ဆောက်မယ်ဆိုရင် ရွှေ့ပြောင်းရမယ့် ရွာမရှိပါဘူး။ လယ်ယာထိခိုက်မှုလည်း လုံးဝမရှိပါဘူး၊ မဟာဓာတ်အားလိုင်း ကွန်ယက်ကလည်း မကြာမီရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

ပြဿနာပေါင်းစုံဖြေရှင်းနေရတဲ့ အခြားဆည်တွေလုပ်မဲ့အစား လွတ်လပ်စွာလည်းဖြစ်နေတဲ့ ဒီဆည်ကို ပြီးစီးအောင်တည်ဆောက်သင့်တယ်လို့ ဒါကျွန်တော်တို့ ဒေသခံပြည်သူလူထုရဲ့ အမြင်မှာရှိနေပါတယ်။ ကျွန်တော်တို့ ဒီဆည်ကြီးပြီးစီးမယ်ဆိုရင် မဟာဓာတ်အားလိုင်းကွန်ယက်မှာ ကျွန်တော်တို့ ထည့်သွင်းနိုင်ပြီးတော့ ချင်းပြည်နယ်တစ်ခုလုံးနဲ့ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာလည်း လျှပ်စစ်ဓာတ်အားတွေ အပြည့်အဝရရှိလာနိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ စတင်တည်ဆောက်ခဲ့တာဟာ (၁၀)နှစ်ခန့်ရှိပြီး ယခုအခါမှာ တည်ဆောက်မှုကို ရပ်ဆိုင်းထားတာကို တွေ့ရှိရပါတယ်။ ဒါကျွန်တော်တို့ အတည်မပြုနိုင်တဲ့ သတင်းအရတော့ ဒါ ဒီဇိုင်းပုံစံ ပြန်လည်ပြင်ဆင်ပြီး ဆက်လက်တည်ဆောက်မယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ အခုမဏိပူရ်ဆည်ကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်၊ ခလပ်၊ ကသဲကုန်း၊ ဉာဏ်ကျွန်းကျေးရွာများနှင့် ကျုံးပါချောင်းဝကျေးရွာများမှ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်း၏ ကုန်ကျစရိတ် (၅၀)ရာခိုင်နှုန်းအား သက်ဆိုင်ရာဝန်ကြီးဌာနမှ နှစ်ချင်းဆပ်စနစ်ဖြင့် ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က သနပ်ပင်မြို့နယ်၊ ခလပ်၊ ကသဲကုန်း၊ ဉာဏ်ကျွန်းကျေးရွာများနှင့် ကျုံးပါချောင်းဝကျေးရွာများမှ ကိုယ်ထူ ကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်း၏ ကုန်ကျစရိတ် (၅၀)ရာခိုင်နှုန်းအား သက်ဆိုင်ရာဝန်ကြီးဌာနမှ နှစ်ချင်းဆပ်စနစ်ဖြင့် ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး အားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော်ပဲ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကတော့ သနပ်ပင်မြို့နယ်၊ ခလပ်၊ ဉာဏ်ကျွန်း၊ ကသဲကုန်းကျေးရွာများနှင့် ကျုံပါချောင်းဝကျေးရွာများမှ ကိုယ်ထူကိုယ်ထ မီးလင်းရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်(၅၀) ရာခိုင်နှုန်းအား သက်ဆိုင်ရာဝန်ကြီးဌာနမှ နှစ်ချင်းဆပ်စနစ်ဖြင့် ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ နှင့်ပတ်သက်၍ သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မူလမေးခွန်းကတော့ လျှပ်စစ်မီးနဲ့ပတ်သက်၍ နိုင်ငံတော်မှ ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတာ ထည့်သွင်းပါဝင်မှာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း လက်ရှိ ခလပ်၊ ကသဲကုန်း၊ ဉာဏ်ကျွန်း ကျေးရွာများမှ လျှပ်စစ်မီးလင်းရေးနဲ့ပတ်သက်လို့ တပ်ဆင်မှုပိုင်းသည် (၅)ရာခိုင်နှုန်း ဆောင်ရွက်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့ ခွင့်ပြုမိန့်ရရှိပြီးတယ်လို့ပဲ ကျွန်တော်တို့ ဒီလိုသဘောထား ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ ယခင် လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်လို့ မြို့ပေါ် (၆)ရပ်ကွက်၊ ရေကျော်၊ ခရမ်းနဲ့ မချစ်စုကျေးရွာများမှာသာလျှင် နှစ်ပေါင်းများစွာ လျှပ်စစ်မီး ရရှိတာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အစိုးရသစ်လက်ထက် နောက်ပိုင်းမှာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဦးဆောင်မှု၊ ပြည်သူများရဲ့ တောင်းဆိုမှုနဲ့အတူ ကျွန်တော်တို့ သနပ်ပင်မြို့နယ်ဟာ လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်လို့ (၁၂)ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်ငြားလည်း ကျွန်တော်တို့ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေဟာ ကမာစဲကျေးရွာ၊ ကလိုင်ကျေးရွာ၊ ဖရဲကျေးရွာ၊ တာဝရေတံခါးကျေးရွာများမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ ရာနှုန်းပြည့်ပြီးစီးတော့မှ ဆောင်ရွက်ပြီးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကမာစဲ ကျေးရွာ ရဲ့ အနေအထား ပြန်ကြည့်မယ်ဆိုရင် သနပ်ပင်မြို့နယ်က မြို့ကနေပြီးတော့ (၇)မိုင်ကွာဝေးပြီးတော့မှ ကိုယ်ထူကိုယ်ထဆောက်လုပ်တာဟာဆိုရင် သိန်းပေါင်း (၁၈၀၀)အကုန်အကျခံပြီးတော့မှ ကျေးရွာက သိန်းပေါင်း(၉၀၀)၊ပြည်သူများထည့်ဝင်ငွေနဲ့ ကျန်ရှိတဲ့သိန်းပေါင်း(၉၀၀)ကို ကျေးရွာများမှ တောင်သူများရဲ့ ပုံစံ(၇)နဲ့ ချေးငွေပေါင်းတင်ပြီးတော့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ချေးပေးတဲ့ အတွက်ကြောင့်မို့ ဆောင်ရွက်ပြီးတာဖြစ်ပါတယ်။

တာဝရေတံခါးကျေးရွာကို ပြန်ကြည့်မယ်ဆိုရင် တာဝရေတံခါးကျေးရွာဟာ ကျွန်တော်တို့ ပဲခူး၊ သနပ်ပင်၊ ကဝရဲ့ ကျွန်တော်တို့ ပဲခူးမြစ်ရဲ့ ဆုံရာနေရာဖြစ်ပြီးတော့မှ ပဲခူးမြစ်ကို ဖြတ်ပြီးတော့မှ ဒါ (၃.၅)မိုင်ကွာဝေးတဲ့ ကျွန်တော်တို့ အခက်အခဲကြားက ဆောင်ရွက်တာဟာဆိုရင် လာမယ့် ဖေဖော်ဝါရီ (၁၀)ရက်နေ့မှာ မီးလင်းအောင်ပွဲကို ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်။ လက်ရှိ မီးလင်းနေပြီ ဖြစ်ပါတယ်။

ဖရဲကျေးရွာဆိုလို့ရှိရင် သနပ်ပင်မြို့နယ်နဲ့ (၃)မိုင်ကွာဝေးပြီးတော့မှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်တာဟာဆိုရင် ကုန်ကျစရိတ်က သိန်းပေါင်း(၁၂၀၀)ကုန်ကျခံပြီးတော့မှ သိန်းပေါင်း(၆၀၀) ကျော် နိုင်ငံတော်မှချေးပြီးတော့ ဆောင်ရွက်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ အကောင်အထည်ဖော်ပြီး ဖြစ်ပါတယ်။ သို့သော် လက်ရှိ ကလိုင်ကျေးရွာမှာဆိုလည်း လက်ရှိ ကျွန်တော်တို့ သနပ်ပင်မြို့မှာဆိုရင် ဒါ (၂)မိုင်ကွာဝေးပြီးတော့မှ ဆောင်ရွက်တာဟာဆိုရင် လာမယ့် ဖေဖော်ဝါရီ(၁၅)ရက်နေ့မှာ မီးလင်းအောင်ပွဲကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိဆောင်ရွက်ပြီးတဲ့ ကျေးရွာ(၄)ရွာကို ဆက်စပ်တဲ့ ကျေးရွာများမှတစ်ဆင့် ဆက်လက်ဆောင်ရွက်နေတာဟာ ဆိုရင်ဖြင့် ကလိုင်ကျေးရွာမှတစ်ဆင့် ကျွန်တော်တို့ ကသဲကုန်း၊ ခလပ်၊ ဉာဏ်ကျွန်းကျေးရွာများကို မီးဆွဲဖို့ လက်ရှိ ကျွန်တော်တို့ ကသဲကုန်းနဲ့ ခလပ်ဆိုရင် Eleven Cable ကြိုးပါတင်ပြီးတော့မှ ဉာဏ်ကျွန်းကျေးရွာအဆင့်ထိအောင် တိုင်တွေ စိုက်ထူနေပြီ ဖြစ်ပါတယ်။

လုပ်ငန်းရဲ့ ကျွန်တော်တို့ ကသဲကုန်းနဲ့ ခလပ်ဟာဆိုရင် လုပ်ငန်းရဲ့ (၃၅)ရာခိုင်နှုန်းကပြီးစီး ပြီးတာဖြစ်သလို ဉာဏ်ကျွန်းကျေးရွာဟာဆိုရင် တိုင်ထူတဲ့အဆင့် (၂၀)ရာခိုင်နှုန်းလောက် ဆောင်ရွက် နေပြီ ဖြစ်ပါတယ်။ ကျေးရွာ ပြည်သူလူထုကလည်း မိမိတို့ထည့်ဝင်ရမယ့် ငွေကြေးများကိုလည်း ဘဏ်များကို သွင်းပြီးတော့မှ ဒီကနေ့ ကျွန်တော်တို့အားတက်သရော ဆောင်ရွက်နေပြီဖြစ်သလို လာမယ့် မကြာသောကာလမှာ ပေါ်ပေါက်လာမယ့် ကျွန်တော်တို့ ပဲပေါ်ရာသီမှာလည်း တောင်သူ လယ်သမားရဲ့ ရရှိငွေတွေနဲ့ ထည့်ဝင်ပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတော်ရဲ့ နှစ်စဉ် မြို့နယ်ကို ထောက်ပံ့ပေးလျက်ရှိတဲ့ ကျွန်တော်တို့ ဒါချေးငွေရဲ့ (၅၀)ရာခိုင်နှုန်း ကိုလည်း ချေးပေးဖို့ ဆိုပြီးတော့ ဒါ လွှတ်တော်ကိုယ်စားလှယ်များကို အကူအညီ တောင်းခံလာတဲ့ အတွက်ကြောင့်မို့ ကျွန်တော်တို့ ဒါ တင်ပြ တောင်းခံရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံပါချောင်းဝကျေးရွာဆိုလို့ရှိရင် လက်ရှိ ကျုံပါချောင်းဝကျေးရွာကို လျှပ်စစ်မီးဆွဲမယ်ဆိုလို့ရှိရင် ကျုံပါချောင်းဝကျေးရွာနဲ့ ဆက်စပ်လျက်ရှိတဲ့ အထက်ကျုံပါ၊ ကုလားတန် ကျီးပင်စု၊ ရွှေလင်စု၊ ကျွန်တော်တို့ အစရှိတဲ့ ကျေးရွာပေါင်း(၅)ရွာလောက်ကို ဒါ အထောက်အကူပြု ပြီးတော့မှ ကျွန်တော်တို့ သနပ်ပင်မြို့ရဲ့ သနပ်ပင်နဲ့ ဝေါ ဆုံတဲ့ စစ်တောင်းမြစ်ကမ်းပါးမှာရှိတဲ့ ကျေးရွာ များကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

သို့သော်ငြားလည်း သနပ်ပင်မြို့နယ်ကို ကျုံပါချောင်းဝကျေးရွာဟာ သနပ်ပင်မြို့နယ်မှာရှိပြီး တော့မှ ကျုံပါချောင်းဝကျေးရွာကို ဆွဲမယ်ဆိုရင် ဝေါမြို့နဲ့ ဇီးဖြူကုန်းကနေ ဆွဲကြမှာဖြစ်ပါတယ်၊ ဇီးဖြူကုန်းက ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီကြီးများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ သနပ်ပင်မြို့နယ်မှာရှိတဲ့ မီးလင်းရေးလုပ်ငန်း(၁၂)ခုဟာဆိုရင် အကောင်အထည်ဖော် ဆောင်ရွက်တာဟာ ပြီးစီးမှုအခြေအနေ (၅)ရာခိုင်နှုန်း၊ပြီးစီးမှုအခြေအနေ၊ (၃၅)ရာခိုင်နှုန်း၊ ပြီးစီးမှု အခြေအနေ၊ အားလုံးဟာ မြို့လူထုကနေပြီးတော့ အားတက်သရောနဲ့ဆောင်ရွက်နေတာ အလွန်မှ ဝမ်းသာအားရစရာဖြစ်သလို နိုင်ငံတော်ကလည်း မီးလင်းရေးကိစ္စနဲ့ပတ်သက်လို့ ချေးငွေများကိုလည်း (၅၀)ရာခိုင်နှုန်း ကျွန်တော်တို့ ထုတ်ပေး၊ ချေးပေးနေတဲ့အတွက်ကြောင့်မိုလို့ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော့်အနေနဲ့ သိရှိလို၍ မေးမြန်းလိုတာကတော့ လက်ရှိ အကောင် အထည်ဖော်နေတဲ့ ခလပ်၊ ကသဲကုန်း၊ ဉာဏ်ကျွန်းကျေးရွာများနဲ့ ကျုံပါကျေးရွာများမှ ကိုယ်ထူကိုယ်ထ မီးလင်းရေး လုပ်ငန်းများ၏ ကုန်ကျစရိတ်(၅၀) ရာခိုင်နှုန်းအား နိုင်ငံတော်မှ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ရသေ့တောင်မြို့နယ်၊ အောင်ဗလချောင်း၌ အသေးစားဆည်နှင့် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ အောင်ဗလချောင်း၌ အသေးစားဆည်နှင့် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ရေးစက်ရုံ တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းက ရသေ့တောင်မြို့နယ်၊ အောင်ဗလချောင်း၌ အသေးစားဆည်နှင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား စက်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ အချိန်မှာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဟာ ပြင်းထန်လာပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မြောက်ပိုင်းဆိုတာလည်း ဘင်္ဂလားပင်လယ်ကမ်းခြေနားမှာ ကပ်နေတဲ့အတွက် ဒီဆားငန်ရေတိုးဝင်မှု တစ်နေ့ထက်တစ်နေ့ များလာပါတယ်။ ရေတွင်း၊ ရေကန်တွေကလည်း ခန်းခြောက်ပါတယ်။ ဒီနှစ်အတွင်းမှာ လွန်ခဲ့တဲ့အောက်တိုဘာလက ဒီရေကြီးမြင့်မှုကြောင့် ကျွန်တော်တို့ ရသေ့တောင် မြို့နယ်မှာ စပါးဧကပေါင်းများစွာ ပျက်စီးသွားခဲ့ပါတယ်။ ကျန်တဲ့စပါးတွေကလည်း မိုးခေါင်တဲ့အတွက် အဖူးအငုံတွေ မထွက်နိုင်ဘဲ ပျက်စီးသွားခဲ့ပါတယ်။

တကယ်လို့သာ ဆည်ရေတွေ ပေးလိုက်နိုင်ပြီဆိုပါက အဲဒီ အခက်အခဲတွေ ပြေလည်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရသေ့တောင်မြို့နယ်ဒေသဟာ နယ်စပ်နဲ့နီးတဲ့အတွက် ရိက္ခာဖူလုံမှု မရှိပါဘူး။ ထွက်လာတဲ့ ဆန်စပါးတွေကလည်း နယ်စပ်နဲ့နီးတဲ့အတွက် ဈေးကောင်းရပါတယ်။ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်မှာ မေယုတောင်တန်းက စတင်ပြီးစီးဆင်းလာတဲ့ အောင်ဗလချောင်းဆိုတဲ့ ချောင်းကလေးတစ်ခုရှိပါတယ်။ ဘင်္ဂလားပင်လယ်ထဲကိုစီးဝင်ပါတယ်။

တစ်နှစ်မှာ မိုးရေချိန် လက်မ (၁၈၀)နဲ့(၂၀၀)ကြားမှာ ရွာသွန်းပါတယ်။ ဒါပေမယ့် အဲဒီ့ မိုးရေတွေဟာ ရေချိုများဟာ အလဟဿဖြစ်ပြီးတော့ ပင်လယ်ထဲကို စီးဝင်နေပါတယ်။ အောင်ဗလချောင်းဟာ မေယုတောင်တန်းရဲ့အနောက်ဘက်မှာရှိပေမယ့်လည်း သူ့ကိုပိတ်ဆည်လိုက်ပြီဆိုရင် အနောက်ဘက်ကရော၊ အရှေ့ဘက်ကရော အသုံးပြုနိုင်တဲ့ ရေဝပ်ဧရိယာဆည်ကလေးတစ်ခု ဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒီဆည်ရဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ရွာ(၁၅)ရွာလောက်ကလည်း ဒီဆည်ရေသောက် စနစ်ကို သုံးပြီးတော့ နွေစပါး၊ မိုးစပါးတွေကို ကောင်းကောင်းစိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။

အောင်ဗလချောင်းဟာ ချောင်းကလေးနှစ်ခုပေါင်းပြီးတော့ ဖြစ်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီချောင်းမှာရှိတဲ့ လျှိုမြောင်တွေ၊ ချောင်းကလေးတွေကို အကုန်လုံးပေါင်းလိုက်မယ်ဆိုရင် (၇)မိုင်နဲ့

(၁၀)မိုင်ကြား မှာ အရှည်ရှိပါတယ်။ ဒါပေမဲ့ ပိတ်ဆည်ရမယ့် နေရာက ပေ(၇၀)ဝန်းကျင်သာရှိတဲ့အတွက် ကုန်ကျစရိတ် အနည်းငယ်နဲ့ တည်ဆောက်နိုင်ပါတယ်။

အဲဒီအောင်ဗလချောင်းနဲ့ မနီးမဝေးမှာရှိတဲ့ ဆင်ပိုက်ကျေးရွာမှာဆိုရင် Titanium သတ္တု ထွက်ပါတယ်။ ဒါပေမဲ့ ခုထိ ထုတ်လုပ်မှုတော့ မရှိသေးပါဘူး။ နောက် ဒီအောင်ဗလရွာရဲ့ အနီးမှာရှိတဲ့ အငူမော်ကျေးရွာမှာ BAJ အဖွဲ့ကဆောက်လုပ်ပေးတဲ့ ဆိပ်ခံတံတား၊ ကွန်ကရစ်ဆိပ်ခံတံတားတစ်ခု ရှိပါတယ်။ နောက် အငူမော်၊ မောင်တော၊ ကျောက်ချောလမ်း တစ်ခုလည်းရှိပါတယ်။ အဲဒီကျောက်ချော လမ်းကို အခု အိန္ဒိယနိုင်ငံက ဒီကတ္တရာလမ်းနဲ့ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖို့ အစီအစဉ် လုပ်နေ ပါတယ်။

အောင်ဗလချောင်းက ဒီရေအားလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပြီး အကောင်အထည်ဖော် နိုင်မယ်ဆိုပါက အဲဒီဒေသတစ်ဝိုက်မှာရှိတဲ့ ကျေးရွာ(၁၅)ရွာဟာ ဆည်ရေ၊ လျှပ်စစ်မီး၊ လမ်း၊တံတား စုံလင်စွာဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီကျေးရွာစုဟာ ဘူးသီးတောင်၊မောင်တောနဲ့ ကပ်နေတဲ့ အတွက် ဖွံ့ဖြိုးဖို့၊ တိုးတက်ဖို့၊ အလွန်အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ်မူဝါဒဟာ အကြီးစားရေအား လျှပ်စစ်ကနေပြီးတော့ အသေးစား၊ အလတ်စား ရေအားလျှပ်စစ် တည်ဆောက်ရေး ဘက်ကို ဦးတည် ပြောင်းလဲနေပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ကလည်း အသေးစားရေအားလျှပ်စစ် စက်ရုံတွေကို တည်ဆောက်ပေးနေတာကို တွေ့ရပါတယ်။ အသေးစားရေအား လျှပ်စစ် စက်ရုံတည်ဆောက်ဖို့ ကျွန်တော်အရင်တုန်းကလည်း လွှတ်တော်မှာ တင်ပြဖူးပါတယ်။

ဒါပေမဲ့ ပြည်ထောင်စုအစိုးရက ဒါဟာ အသေးစား၊ အလတ်စားဆိုတာ တင်ချင်ရင် အစိုးရရဲ့ လုပ်ပိုင်ခွင့်လေးဘာလေးရှိတယ်။ နည်းပညာနဲ့ အထောက်အကူတော့၊ တိုင်းတာမှုတွေတော့ ဒီပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ပေးနိုင်ပါတယ်။ အဲလိုဖြေထားခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်မှာ ဒီနေ့ထိ အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်ပေးတာ မရှိသလောက် ဖြစ်ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ ရသေ့တောင်မြို့နယ်ဆိုရင် မဟာဓာတ်အားလိုင်းကနေပြီး အဝေးဆုံးမြို့ နယ်စပ်မြို့တစ်ခု ဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်ပြီးရင် ဟိုဘက်မှာ နယ်စပ် ဘင်္ဂလား ပင်လယ်အော်ပဲ ရှိပါတယ်။ အဲဒါကြောင့် မဟာဓာတ်အားလိုင်းကရဖို့ အခြေအနေဟာ တော်တော် အဝေး မှာ ရှိနေပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးအတွက် အောင်ဗလချောင်းရဲ့ ဆည်ရေကနေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ ကမ္ဘာ့နီတံတားအထက်ဘက် (၂)မိုင်ခွဲခန့်အကွာမှာ မဏိပူရမြစ်ပေါ်မှာ တပ်ဆင်စက်အင်အား (၃၈၀)မဂ္ဂါဝပ် ရှိတဲ့ မဏိပူရ ရေအား လျှပ်စစ်စီမံကိန်းကို ၂၀၀၄ ခုနှစ် ဇွန်လမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ထို့နောက် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှာကျတော့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆ ) မှ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်တာ ခွင့်ပြုပြီး ဖြစ်တယ်။ တမံလုပ်ငန်းကိုတော့ ဆည်မြောင်းဦးစီးဌာနကနေ ဆောင်ရွက်ပြီး တော့ ရေအားလျှပ်စစ်လုပ်ငန်းကိုတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေ ဆောင်ရွက်ပါ ဆိုပြီးတော့ ပြင်ဆင် ညွှန်ကြားခဲ့ပါတယ်။ ဒီညွှန်ကြားချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၀၀၇ ခုနှစ် ဩဂုတ်လ ကစတင်ပြီးတော့ အကြို တည်ဆောက်မှုလုပ်ငန်းများ စပါတယ်။ ဒီလို စတင်ဆောင်ရွက်စဉ်က လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ တမံနှင့် ဆက်စပ်အဆောက်အအုံတွေကို စူးစမ်း လေ့လာတိုင်းတာမှုတွေကို ဆောင်ရွက်ခဲ့သလို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း ရေသွယ်ဥမင်၊ ဓာတ်အားပေးစက်ရုံ စသဖြင့် လိုအပ်တဲ့ လျှပ်စစ်အဆောက်အအုံများကို တိုင်းတာစူးစမ်းမှုများကို စီမံကိန်းစခန်း ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အချိန်မှာပဲ နိုင်ငံတော် ရန်ပုံငွေ ခွဲဝေပေးနိုင်မှု အခြေအနေ မရှိတော့တဲ့ အတွက်ကြောင့် JV/ B.O.T စနစ်ကို ပြောင်းလဲပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် စီမံဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ လည်း ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်တဲ့ MEGA Resources Co.,Ltd နဲ့ ကိုရီးယားသမ္မတနိုင်ငံ HANSHIN Engineering & Construction Co.,Ltd တို့ကနေ ပူးပေါင်းပြီးတော့ ဒီစီမံကိန်းကို JV/ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဖို့ အဆိုပြုလာခဲ့ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီအဆိုပြုတဲ့အပေါ်မှာ အခြေခံပြီးတော့ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့ မှာ ဒီအဖွဲ့နဲ့ ကျွန်တော်တို့ MoU လက်မှတ်ရေးထိုးခဲ့ပါတယ်။ ရေးထိုးခဲ့ပြီးတော့ သူတို့အနေနဲ့ Preliminary Proposal နှင့် Pre Feasibility Study Report ကို တင်ပြနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ တင်ပြ နိုင်ခဲ့ပေမယ့် အဲဒီ ကုမ္ပဏီက ဆက်လက်ပြီးတော့ ဆောင်ရွက်လိုခြင်း မရှိတော့ပါဘူးဆိုပြီးတော့ သူက နုတ်ထွက်လိုက်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြန်တင်ပြ ပြီးတော့မှ MoU ကို ပယ်ဖျက် လိုက်ရပါတယ်။ ဒီလို ပယ်ဖျက်တဲ့အချိန်မှာပဲ နောက်ထပ်တစ်ဖွဲ့ China Harbour Engineering Co.,Ltd နဲ့ ပြည်တွင်းတိုင်းရင်းသားဖြစ်တဲ့ Sein Enterprises Development &

Investment Co.,Ltd တို့ကနေ ပူးပေါင်းပြီးတော့မှ သူတို့ဝင်ပြီးတော့ လုပ်လိုပါတယ်ဆိုပြီးမှ ကျွန်တော်တို့ကို တင်ပြလာတဲ့ အတွက်ကြောင့်မို့ ၂၀၁၄ ခုနှစ် ပြီးခဲ့နှစ်ပေါ့ စက်တင်ဘာလ ၁၈ ရက်နေ့မှာ MoU ပြင်ဆင်ပြီးတော့ ကျွန်တော်တို့ ရေးထိုးလိုက်ရပါတယ်။ အဆိုပါ စာချုပ်အပေါ်မှာ စီမံကိန်း အကောင်အထည်ဖော်မယ့် ကုမ္ပဏီအနေနဲ့ ယခင်ဆည်မြောင်းဦးစီးဌာနမှာ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်း ဆိုင်ရာဖြစ်မြောက်နိုင်မှု လေ့လာချက် အစီရင်ခံစာတွေရော၊ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန က လေ့လာထားတဲ့ အချက်တွေရော အကုန်လုံးပူးပေါင်းပြီးတော့ သူတို့က ဖြည့်စွက်ပြီးတော့ Feasibility Study Report ကို တင်ပြရမှာ ဖြစ်ပါတယ်။

အဲဒီတင်ပြတဲ့ Feasibility Study Report ပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက် နိုင်မှု ရှိ/မရှိ ကို အသေးစိတ် သုံးသပ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်မယ့် ကုမ္ပဏီကနေပြီးတော့ တင်ပြလာမယ့် FSR ကို (၁၈)လခန့် အများဆုံး အချိန်ပေး ပြီးတော့ ဒါကို အသေးစိတ်ရေးဆွဲရမှာ ဖြစ်ပါတယ်။ အဲဒီ (၁၈)လအတွင်းမှာ ပြီးစီးအောင် ဆောင်ရွက် ပြီးတော့ တစ်ပြိုင်နက်တည်းမှာ သူ ဘာလုပ်ပေးရမလဲဆိုတော့ EIA/ SIA Report ကိုပါ ဆက်လက်ပြီး တော့ ပြုစုတင်ပြရမှာ ဖြစ်ပါတယ်။ အဲဒီ ပြုစုတင်ပြတဲ့ EIA/SIA Report ကိုလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို ဆက်လက်တင်ပြပြီးတော့မှ သဘောထားမှတ်ချက်များ ရယူခြင်း၊ အတည်ပြုချက်များ ရယူခြင်းများ ဆောင်ရွက်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါ ကြောင်း တင်ပြရင်းနဲ့ ကျွန်တော်တို့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် မှ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းမှာ ရှိတဲ့ ကမာစဲ၊ ကလိုင်၊ ဖရဲ၊ ကမာဘာ ကျေးရွာများ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအတွက် ကုန်ကျစရိတ်ရဲ့ (၅၀)ရာခိုင်နှုန်းကို ကျေးရွာပြည်သူ လူထုမှ ထည့်ဝင်ပြီးတော့၊ ကျန်(၅၀)ရာခိုင်နှုန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနက နှစ်ချင်းဆပ်စနစ်ဖြင့် ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခုတစ်ခါ ကသဲကုန်း၊ ခလပ်၊ ညဏ်ကျွန်းကျေးရွာများ ဓာတ်အားရရှိရေး ဆိုပြီးတော့ အောက်ပါအတိုင်း သူတို့ အဆင့်ဆင့် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဓာတ်အားရရှိပြီးဖြစ်တဲ့ ကလိုင်ကနေပြီးတော့ ကသဲကုန်းရွာ အထိလည်းကောင်း၊ အဲဒီ ကသဲကုန်းရွာ ရောက်သွားလို့ရှိရင် ကသဲကုန်းရွာကနေ ခလပ်ရွာအထိ လည်းကောင်း၊ ခလပ်ရွာရောက်သွားလို့ရှိရင် ခလပ်ရွာကနေ ညဏ်ကျွန်းရွာအထိ လည်းကောင်း သုံးဆင့် အဆင့်ဆင့် ခန့်မှန်း(၂)မိုင်ခွဲလောက် အများဆုံး အသီးသီး ကျွန်တော်တို့ တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို တည်ဆောက်တဲ့ အခါမှာလည်းပဲ ဒီကျေးရွာ (၃)ရွာဟာ မူလ တည်ဆောက်ထားတဲ့ ကလိုင်ကျေးရွာ ဆောင်ရွက်ထားတဲ့ ကိုယ့်အားကိုယ်ကိုးရောက်ရှိနေတဲ့ မီးလိုင်းကို (၁၁)ကေဗွီလိုင်းက နေပြီးတော့ ထပ်ဆင့်ပြီးတော့ သူတို့ ယူကြရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကလိုင်ကျေးရွာ မီးလင်းရေး ကော်မတီရဲ့ ကုန်ကျထားတဲ့ စရိတ်တွေ ပေါ်မှာလည်း သူတို့ ကျန်ကျေးရွာ (၃)ခုဟာ ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အလားတူပဲ ကျုံပါချောင်းဝကျေးရွာကို ဝေါမြို့နယ် ဇီးဖြူကုန်း ကျေးရွာ ကနေပြီးတော့ ကိုယ့်အားကိုယ်ကိုး ဆွဲထားတဲ့ ဓာတ်အားလိုင်းကနေပြီးတော့ ထပ်ဆင့်ပြီးတော့ (၁)မိုင်ခွဲလောက် ထပ်ဆင့်ပြီးတော့ ဆွဲရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဇီးဖြူကုန်းကျေးရွာ မီးလင်းရေး ကော်မတီရဲ့

ကုန်ကျထားတဲ့စရိတ်ကိုလည်း သူတို့ သက်ဆိုင်ရာကျေးရွာ မီးလင်းရေးကော်မတီကနေ ပြီးတော့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားဖို့ လိုပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ကျေးရွာများရဲ့ ဆန္ဒနဲ့ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး ဆောင်ရွက်လိုပါက ခိုင်မာသော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းပြီးတော့ ငွေကြေးစုဆောင်းပြီး လိုအပ်သော ထရန်စဖော်မာနဲ့ (၁၁)ကေဗွီ ဓာတ်အားလိုင်း၊ (၄၀၀)ဗို့ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ခွင့်နှင့်စပ်လျဥ်းပြီးတော့ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး သို့မဟုတ် မြို့နယ်လျှပ်စစ်မှူးရုံးတို့ကို လျှောက်မယ်ဆိုလို့ရှိရင် ပြည့်စုံတယ်ဆိုလို့ရှိရင် ကျွန်တော် (၇)ရက်အတွင်း ကြိုတင်ခွင့်ပြုမိန့် ချပေးတဲ့မူကို ကျင့်သုံးလျက်ရှိပါတယ်။ ဒါပေမဲ့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကိစ္စတွေကိုတော့ ဦးစားပေးပြီးတော့ ကူညီပံ့ပိုးပေးနိုင်ပြီးတော့ မိမိတို့ဝန်ကြီးဌာနအနေနဲ့ကတော့ သက်ဆိုင်ရာ ကျေးရွာကို ငွေကြေးထုတ်ပေးပြီးတော့ ချေးငှားပြီးတော့ နှစ်ချင်းဆပ်စနစ်နဲ့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ပြီးတော့ ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

နောက် မေးခွန်းတစ်ခုကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ရှင်းလင်းမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာတော့ ရသေ့တောင်မြို့နယ်၊ အောင်ဗလချောင်းမှာ အသေးစား ဆည်နှင့် အသေးစားရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ ဒါပေမဲ့ တင်ပြသွားတဲ့အထဲမှာ ကျွန်တော် မှတ်မိသလောက်ကတော့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွေပေါ်မှာ တော်တော်အားပြုပြီးတော့ ဒီလုပ်ငန်းကို ဆောင်ရွက်ဖို့ အစီအစဉ် ရှိတယ်ဆိုတာလည်း တွေ့ရတဲ့အတွက်ကြောင့် ဘက်စုံပါဝင်တဲ့ လုပ်ငန်းစီမံကိန်းတစ်ခု ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်သင့်လုပ်ထိုက်တယ်လို့ ယူဆပါတယ်။

ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့ ထုတ်ယူရမယ့် အောင်ဗလချောင်းဟာ ရသေ့တောင်မြို့နယ်၊ အောင်ဗလကျေးရွာရဲ့ အရှေ့ဘက် ပေ(၁၀၀၀)ခန့်အကွာမှာ မေယုတောင်တန်း၏ အနောက်ဘက်ခြမ်းမှာ တည်ရှိပြီးတော့ ဘင်္ဂလားပင်လယ်အော်ထဲကို စီးဝင်တဲ့ ချောင်းတစ်ချောင်းဖြစ်ပါတယ်။ အဆိုပါ အောင်ဗလချောင်းမှ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှာတော့ စူးစမ်းလေ့လာ ထားတဲ့အချက် လက်ရှိအချိန်ထိအောင် မရှိသေးတဲ့အတွက်ကြောင့်မို့လို့ ဒီကနေ့ဖြစ်မြောက်နိုင်မယ်၊ မဖြစ်မြောက်နိုင်ဘူး ဆိုတာကို တစ်ပြိုင်နက်တည်း အဖြေပေးဖို့အတွက် အခက်အခဲရှိပါတယ်။

ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ရေရှည်စူးစမ်းလေ့လာထားတဲ့ အချက်အလက်ရှိရင်လည်း ကျွန်တော်တို့တွေကို ဒေသကနေ ပံ့ပိုးပေးနိုင်မယ်ဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ အမြန်ဆုံး ပို့ပြီးတော့ ထည့်သွင်းစဥ်းစားပေးနိုင်ပါတယ်။ ဒါမှမဟုတ်ဘူးဆိုရင်လည်း ကျွန်တော်တို့ အချိန်တစ်ချိန်ပေးပြီးတော့ လာရောက်ပြီးတော့ စူးစမ်းရမှာ ဖြစ်ပါတယ်။ အဲဒီရရှိလာတဲ့ အချက်တွေပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိနဲ့ ဓာတ်အားထုတ်လုပ်နိုင်မှုအတွက် ရှိ/မရှိ ကုန်ကျစရိတ်နဲ့ တွက်ခြေ ကိုက်/မကိုက် ဘက်စုံထည့်သွင်း စဥ်းစားလေ့လာဆန်းစစ်ရမယ့် အချက်တစ်ချက် ပါပါတယ်။

ဒီနေရာမှာလည်း ကျွန်တော်တို့ ခေတ်နဲ့အညီ ပါဝင်နေတဲ့ လူမှုပတ်ဝန်းကျင်နဲ့ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု အချက်အလက်များကိုလည်း တစ်ပါတည်း ဆန်းစစ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အခု လတ်တလော အခြေအနေမှာတော့ ဒီစီမံကိန်းကို ဆောင်ရွက်ပေးဖို့ အစီအစဉ် ဆိုပြီးတော့ တစ်ခါတည်း ဖြေကြားလို့ မရနိုင်တာကတော့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာတွေနဲ့ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ ကျွန်တော်တို့အထဲမှာ မရှိတဲ့အတွက်ကြောင့်မို့လို့ တစ်ခါတည်းဖြေကြားလို့ မရတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ အချိန်ပေးပြီးတော့ ဆည်မြောင်းဦးစီးဌာနပါ ပါဝင်ပြီးတော့ လေ့လာ စူးစမ်း ဆောင်ရွက်ပေးသွားပါမယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ၂၀-၁၁-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းပြီး ၂၈-၁၁-၂၀၁၄ ရက်နေ့ တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်

ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ် ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေး ပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၂-၂၀၁၅ ရက် (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၁၆။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့် အနေဖြင့် ရှေးဦးစွာ ပြောကြားလိုတာကတော့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေဆိုတာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လက်ရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသူများအပြင် အသစ်စတင် လုပ်ကိုင်မယ့် စီးပွားရေးလုပ်ငန်းများကို စတင်နိုင်ဖို့ အားပေးထောက်ကူပြီး ထိုမှတစ်ဆင့် နိုင်ငံတကာအဆင့်မီ အကြီးစားစီးပွားရေး လုပ်ငန်းရှင် ဘဝသို့ တက်လှမ်းဖွံ့ဖြိုးတိုးတက်နိုင်ခွင့်ရဖို့ နိုင်ငံတော်ကို အဆင်းရဲဆုံးနိုင်ငံ၊ တိုးတက်ဖွံ့ဖြိုးမှု နောက် အကျဆုံး နိုင်ငံစာရင်းမှ ဖွံ့ဖြိုးဆဲနိုင်ငံ စာရင်းဝင်နိုင်ဖို့ အရေးပါဆုံးနှင့် ပြည်သူတွေ၊ လုပ်ငန်းရှင်တွေ အကျိုးစီးပွားဖြစ်ထွန်းလာဖို့ တန်ဖိုးအရှိဆုံး ဥပဒေတစ်ခု ဖြစ်ကြောင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံးက အမျိုးသားအကျိုးစီးပွားကို အထောက် အကူဖြစ်စေနိုင်ရေးအတွက် တာဝန်တစ်ရပ်အနေနဲ့ ဒီဥပဒေကို အကောင်းဆုံးဖြစ်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြ ရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေကို ပြောရရင် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ စိုက်ပျိုးရေး၊ သယံဇာတလုပ်ငန်း၊ စက်မှုအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းအမျိုးမျိုး၊

တွင်းထွက်သယံဇာတ လုပ်ငန်းအမျိုးမျိုး၊ စားသောက်ကုန် လုပ်ငန်းအမျိုးမျိုး စသည်ဖြင့် သယံဇာတ လုပ်ငန်းအမျိုးမျိုးတို့ကို လုပ်ကိုင်လျက်ရှိပါတယ်။ ဒါ့အပြင် ဆင့်တက်ပြုပြင်လုပ်ကိုင်နိုင်သော သယံဇာတ ကုန်ကြမ်းများလည်း သဘာဝအလျောက်ပေါများစွာ ရှိနေပါတယ်။ သို့သော် အားနည်းချက်များစွာလည်း ရှိနေပါသေးတယ်။ အားနည်းချက်တွေကတော့ စိုက်ပျိုးရေးကဏ္ဍတွင် ထုပ်ပိုးစနစ်၊ သယ်ယူပို့ဆောင် စနစ်၊ သယံဇာတလုပ်ငန်းများနှင့် ပတ်သက်လျှင်လည်း တူးဖော်စနစ်၊ ဆင့်တက်ပြုပြင်ခြင်းစနစ်အပြင် အခြားစီးပွားရေးကဏ္ဍ များတွင်လည်း သုတေသန စမ်းသပ်မှု၊ သိုလှောင်ထိန်းသိမ်းတဲ့စနစ်၊ ခေတ်မီ နည်းပညာ၊ စက်ပစ္စည်းများနှင့် နိုင်ငံခြားဈေးကွက် ရှာဖွေနိုင်မှုတို့ မလုပ်တတ်၊ မလုပ်နိုင်၊ လက်လှမ်း မမီတဲ့အတွက် ဝင်ငွေနှင့် အကျိုးကျေးဇူးများ ရသင့်သလောက် မရနိုင်ခဲ့ကြပါဘူး။ အခြားနိုင်ငံများတွင် သယံဇာတမျိုးစုံတို့ကို လူ့အရင်းအမြစ်နှင့် ပေါင်းစပ်၍ နည်းပညာကောင်းများဖြင့် ဖွံ့ဖြိုးတိုးတက် အောင်မြင်နေပေမယ့် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသားတွေကတော့ လက်လှမ်းမမီပါဘူး။ မချိတ်ဆက်နိုင်ခဲ့ဘူး။ ပစ္စည်းသယံဇာတနှင့် တန်ဖိုးရှိလှတဲ့ လူ့အရင်းအမြစ် သယံဇာတတွေကို ပေါင်းစပ် နိုင်ခဲ့ခြင်း၊ ချိတ်ဆက်နိုင်ခဲ့ခြင်း အားနည်းနေတာတွေ တွေ့ရပါတယ်။

ယခုလို ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်ပြီး အစိုးရကသာ အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် နည်းပညာတွေ၊ ငွေကြေးအရင်းအနှီးတွေ၊ ဈေးကွက်ရရှိမှုတွေ ပံ့ပိုးပေးမယ်၊ ချိတ်ဆက်ပေးမယ်၊ လမ်းပြပေးမယ်ဆိုရင် အိမ်နီးချင်းနိုင်ငံများကို ဈေးကွက် ယှဉ်ပြိုင်နိုင်မှာ ဖြစ်သည့် အပြင် ဥရောပအထိလည်း ဈေးကွက် ရရှိနိုင်မှာ ဖြစ်ပါတယ်။ သူတို့မှာက နည်းပညာတွေ၊ သယံဇာတတွေ ရှိတယ်။ ၎င်းတို့ရဲ့ နိုင်ငံသားလူ့အရင်းအမြစ်စွမ်းအားတွေကို သုံးစွဲမယ်ဆိုရင် လုပ်ခတွေ ကြီးမြင့်မယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံက တန်ဖိုးရှိလှတဲ့ လူ့အရင်းအမြစ်တွေ လုပ်ခသက်သာစွာနဲ့ ခေါ်ယူလုပ်ကိုင် စေပြီး အကျိုးအမြတ်များ ခံစားနေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေကတော့ ရေမြေ ရပ်ခြားတွင် ပင်ပန်းခံ အလုပ်လုပ်ရပြီး အနိုင်ကျင့်ခံရခြင်း၊ ဖိနှိပ်ဆက်ဆံခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ လူကုန်ကူးခံနေရခြင်းစတဲ့ ပင်ပန်းဆင်းရဲမှုတွေကို ရင်ဆိုင်ပြီး မိသားစုစားဝတ်နေရေး ပြေလည်စေရန် အတွက် လူ့အရင်းအမြစ် စွမ်းအားတွေကို လုပ်ခငွေကြေးနဲ့ လဲလှယ်နေရပါတယ်။ ဒီလိုအခြား နိုင်ငံများ မှာ အခက်အခဲမျိုးစုံ၊ ဖိနှိပ်မှုမျိုးစုံတွေကို ရင်ဆိုင်ပြီး သွားရောက် လုပ်ကိုင်နေရတာတွေ ရှိနေသလို ပြည်တွင်းမှာလည်း လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်း၊ နည်းပညာ၊ အရင်းအနှီး နည်းပါးမှုကြောင့် အလုပ် ရရှိနိုင်ဖို့ နိုင်ငံတွင်းမှာ ရှာဖွေလုပ်ကိုင်နေရသလို တချို့ လူငယ်မောင်မယ် လူကြီးကအစ မူးယစ် ဆေးဝါး စိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်း မူးယစ်ရာဇာတို့၏ လွှမ်းမိုးမှု အောက်မှာ ခြယ်လှယ်ခံနေရတာတွေ အများအပြားရှိနေပြီး ရုန်းမထွက်နိုင်အောင် ဒုက္ခတွေ ပင်လယ်ဝေနေတာ မြင်တွေ့နေရပါတယ်။ ဒီလို အဖြစ်ဆိုးဘဝတွေကနေ လွတ်ကင်းနိုင်ဖို့ ယခု ပြဋ္ဌာန်းလိုက်တဲ့ အသေးစား၊ အလတ်စား ဥပဒေက များစွာကုစားကယ်တင် အထောက်အကူ ဖြစ်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ခံယူယုံကြည်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများလည်း ဒီလိုပဲ ခံယူမယ်လို့ မျှော်လင့်ပါတယ်။ ဒီနေရာမှာ တချို့သော သူများကတော့ အသေးစား၊ အလတ်စား လုပ်ငန်းကို ပြည်ထောင်စု မြန်မာနိုင်ငံသားသာလျှင် (၁၀၀)ရာခိုင်နှုန်းလုပ်ကိုင်သင့်တယ်။ နိုင်ငံခြားသား တွေကို အကြီးစားလုပ်ငန်းတွေ လုပ်ကိုင်ခွင့်ပြုထားပေးပြီး ဖြစ်တယ်။ နောက်ထပ် အသေးစား၊ အလတ်စားလုပ်ငန်းတွေကိုပါ ပူးပေါင်းလုပ်ကိုင်ခွင့်ပေးရင် နိုင်ငံမွဲသွားနိုင်တယ်ဆိုပြီး ယူဆ နေကြပါတယ်။ ဒီလို ယူဆချက်တွေကို ကျွန်တော်တို့ အနေနဲ့ ရှင်းပြချင်ပါတယ်။

ကျွန်တော်တို့ရဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသား အနာဂတ် လူငယ် မောင်မယ်များ နိုင်ငံခြားသွားပြီး အထက်မှာ တင်ပြဆွေးနွေးခဲ့သလို လူ့စွမ်းအား အရင်းအမြစ်တွေကို သွားရောက် ရင်းနှီးပြီး လုပ်ခငွေကြေးနဲ့ လဲလှယ်နေတာတွေ၊ တချို့ ပြည်သူတွေ မူးယစ်ဆေးဝါး ကျေးကျွန် ဘဝရောက်ပြီး လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးနေရတာထက်စာရင်တော့ နိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို နိုင်ငံအဝှမ်း ကျယ်ပြန့်စွာ ပူးပေါင်းခွင့် ပေးလိုက်တဲ့အပေါ်မှာ နိုင်ငံခြား လုပ်ငန်းရှင်များကို ထိုက်သင့်မျှတတဲ့ အကျိုးအမြတ် ခံစားခွင့် ပေးလိုက်ရပေမယ့် အထက်ပါ လူသားအရင်းအမြစ် ဆုံးရှုံးနေမှုများကို အစားထိုး ဖွံ့ဖြိုးမှု ရရှိနိုင်ပြီး ကျွန်တော်တို့ နိုင်ငံအနေနဲ့ နိုင်ငံ့ဂုဏ်အင်္ဂါ၊ အကျိုးရလဒ်၊ အကျိုးစီးပွားများ ပိုမိုရရှိပါလိမ့်မယ်လို့ တင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတကာမှာ ဒုက္ခခံပြီး သွားရောက် လုပ်ကိုင်နေသော မိမိနိုင်ငံသားများဟာလည်း ယခု ပြဋ္ဌာန်းပေးသော အသေးစား၊ အလတ်စား ဥပဒေ၏ အခွင့်အရေးတွေကို သိရှိသည်နှင့်အမျှ ၎င်းတို့၏ တန်ဖိုးရှိလှစွာသော လူ့စွမ်းအားအရင်းအမြစ်တို့နဲ့အတူ နိုင်ငံတကာမှာ လုပ်ကိုင်ခဲ့သော နည်းပညာ၊ အတွေ့အကြုံတို့ကို ပေါင်းစပ်၍ မိမိတို့ နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီး လွတ်လပ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်ကာ နိုင်ငံ့အကျိုး ဖွံ့ဖြိုးအောင် ပါဝင် လာနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ခေတ်ပြောင်းပြီး စနစ်တွေ ကောင်းစေဖို့ ဖွံ့ဖြိုးတိုးတက် စေဖို့ ဥပဒေကောင်းများ ပြုပေးရခြင်း၊ ယခု ပြဋ္ဌာန်းမယ့် ဥပဒေ အမည်၊ နာမည်ကိုက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေဆိုပြီး ပြဋ္ဌာန်းမှာ ဖြစ်တာကြောင့် ၎င်းပြဋ္ဌာန်း မယ့် ဥပဒေကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ကောင်းတွေနဲ့အတူ အကောင်အထည် ဖော်နိုင်ဖို့ ကျွန်တော်တို့ ကိုယ်စားလှယ်များက အလေးအနက်ထားပြီး စဉ်းစားပေးရန် လိုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေနဲ့ပတ်သက်လို့ ကျွန်တော် အချက်(၃)ချက် ဆွေးနွေးသွားပါမယ်။ ၁။ အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့လိုက်တဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတွင် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်၊ အခန်း(၁)၌ ပုဒ်မ ၂(ဂ)တွင် လုပ်ငန်းဆောင်ရွက်သူသည် အသေးစား စီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စား စီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း နှစ်ရပ်လုံးကို လုပ်ကိုင်သည့် အောက်ပါစီးပွားရေးလုပ်ငန်း လုပ်ဆောင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။ (၁) နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားများသာ ရာနှုန်းပြည့် ရင်းနှီး မြှုပ်နှံသည့် စီးပွားရေးလုပ်ငန်း၊ (၂) နိုင်ငံသားများနှင့် နိုင်ငံခြားဖက်စပ် ရင်းနှီးမြှုပ်နှံသည့် စီးပွားရေး လုပ်ငန်း ဟု ပါရှိပါတယ်။

အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ဆောင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဆိုသည်မှာ နိုင်ငံသား သို့မဟုတ် နိုင်ငံသားများသာ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်း နှင့် နိုင်ငံသားနှင့် နိုင်ငံခြားဖက်စပ်ရင်းနှီးမြှုပ်နှံသည့် စီးပွားရေး လုပ်ငန်း ဟု ဖွင့်ဆိုထားပါတယ်။

ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ရာတွင် ပုဒ်မ ၂(ဃ) လုပ်ငန်း ဆောင်ရွက်သူ ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စား စီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း နှစ်ရပ်လုံးကို လုပ်ကိုင်သည့် ရာနှုန်းပြည့်

နိုင်ငံသား စီးပွားရေးလုပ်ငန်း လုပ်ဆောင်သူ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းကို ဆိုသည် ဟု ပြင်ဆင်ထားပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော အပိုဒ် (၁)နှင့် အပိုဒ်(၂)ကို ပယ်ဖျက်ပြီး ပြင်ဆင်ထားပါတယ်။

ထိုသို့ ပယ်ဖျက်လိုက်သည့်အတွက် အကျိုးဆက် သက်ရောက်မှုမှာ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းသည် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်တွင် မပါရှိတော့ပါ။ တစ်နည်းအားဖြင့် အသေးစားနှင့် အလတ်စားများသည် နိုင်ငံခြားနှင့် ပူးပေါင်းခွင့် မရှိတော့ပါ။ သို့မဟုတ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းလျှင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေးမည့် ဤဥပဒေပါ အကျိုးခံစားခွင့် မရှိတော့ပါ။

SME ဥပဒေကို အမှီသဟဲပြုပြီး အခွင့်အလမ်း အကျိုးစီးပွားများ ပိုမိုဖြစ်ထွန်းနိုင်စေရန် မိမိပိုင်ဆိုင်ထားသော (၁၀၀)ရာခိုင်နှုန်းလုပ်ငန်းကို နိုင်ငံတကာဈေးကွက်တွင် နာမည် အမှတ်တံဆိပ် ရရှိပြီးသော လုပ်ငန်းရှင်နှင့်ပူးပေါင်းသောအခါ (၁၀၀)ရာခိုင်နှုန်းသော်လည်းကောင်း၊ (၅၀)ရာခိုင်နှုန်း သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့လုပ်ငန်းအတွက် နည်းပညာ အရင်းအနှီး များ၊ နိုင်ငံခြားဈေးကွက်များ ရရှိလာမည်ဖြစ်ပြီး ကျန်ရှိသော (၅၀)ရာခိုင်နှုန်းကို ရရှိတဲ့နည်းပညာ၊ ဈေးကွက်စသည်တို့နှင့် မိမိကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် လုပ်ကိုင်လာနိုင်မည် ဖြစ်ပါတယ်။ တစ်ဖက်က မိမိပိုင်ဆိုင်ထားသော (၅၀)ရာခိုင်နှုန်းကို နိုင်ငံခြားနှင့် ပူးပေါင်းခွဲဝေဆောင်ရွက်သော်လည်း တစ်ဖက်တွင် (၁၀၀)ရာခိုင်နှုန်း အပြည့်ပြန်ရနိုင်သည် ဆိုသည့်အချက်ကို ဂရုပြုစဉ်းစားပေးစေလို ကြောင်း တင်ပြအပ်ပါတယ်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၂) ပြဋ္ဌာန်းချက်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလောက တစ်ခုလုံးကို ရည်ရွယ်သည်ကို တွေ့ရ ပါသည်။ သို့ရာတွင် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်လိုက်သည့်နောက်တွင် ဥပဒေ၏ ရည်ရွယ်ချက်မှာ (က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ ကြီးပွားတိုးတက်ရန် ဖြစ်သည်။ (ခ) သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းထားသော အသေးစားနှင့် အလတ်စားများအတွက် မည်သည့် ကူညီမှု၊ ထောက်ပံ့မှု၊ အားပေးမှု ရရှိမည် မဟုတ်ပါ။ သို့မဟုတ် (ဂ) နိုင်ငံသားများသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းခွင့် မရှိပါ။ (ဃ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းဖက်စပ်လုပ်ငန်း လုပ်ကိုင်ခွင့်မရှိပါ ဟူ၍ နိုင်ငံသူ/နိုင်ငံသားများအတွက် ဆုံးရှုံးနစ်နာစေတဲ့ ရည်ရွယ်ချက် ဖြစ်ပေါ်စေ ပါတယ်။

ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ၁၉၆၂ ခုနှစ်မှာ နိုင်ငံပိုင်သိမ်းပိုက်ခဲ့ ပြီးနောက် စီးပွားရေးလုပ်ငန်းမှန်သမျှ နိုင်ငံတော်ကသာ လုပ်ကိုင်တာဖြစ်လို့ ပုဂ္ဂလိကကိုယ်ပိုင် စီးပွားရေးကို ထူထောင်လုပ်ကိုင်နိုင်တဲ့ ဗီဇစိတ်တွေ ငုံ့လျှိုးပျောက်ကွယ်ခဲ့တာကြောင့် အကြီးစားမပြောနဲ့ အသေးစား၊ အလတ်စားတွေတောင် ရာခိုင်နှုန်းအနည်းငယ်သာ လုပ်ကိုင်နိုင်သေးတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားများရဲ့အခွင့်အလမ်း အကျိုးစီးပွားကို နှစ်ဖက်နှစ်လမ်း အသုံးချနိုင်ရန် အတိအလင်း ဖော်ပြထားပါတယ်။

ပုဒ်မ ၁၆(င) မှာ မိမိတို့ အစုရှယ်ယာအချို့ ကိုသော်လည်းကောင်း၊ အားလုံးကိုသော် လည်းကောင်း၊ နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချမည် ဆိုပါက ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိခြင်း၊ ပုဒ်မ ၁၆(စ) မှာ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်း တည်ထောင်လိုပါက နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်းဟု အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်ပါလျက် ပြည်သူ့ လွှတ်တော်မှ ပုဒ်မ ၂(ဂ)(၁)(၂)ကို ပယ်ဖျက်လိုက်ခြင်းသည် မိမိတို့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွား ဖြစ်ထွန်းမှုကို အလေးမထားသည့်အပြင် မူလပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်မှု ဥပဒေကို လုံးလုံးဆန့်ကျင်ရာ ရောက်နေပြီး ဥပဒေကို မှားယွင်းစွာ ပြဋ္ဌာန်းလိုက်သလို ဖြစ်နေပါတယ်။ မြန်မာနိုင်ငံသားသည် မိမိလုပ်ငန်း၏ အစုရှယ်ယာကို လွှဲပြောင်း၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်ခွင့်ရှိခြင်းသည် မြန်မာနိုင်ငံသား၏ဥပဒေပါ အခွင့်အရေး ဖြစ်ပါသည်။ ၎င်းအပြင် ထိုသို့ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီနှင့် ပူးပေါင်း၍ ဖက်စပ် ကုမ္ပဏီထူထောင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်သည်လည်း မြန်မာနိုင်ငံသားများ ၏ ဥပဒေပါ အခွင့်အရေး ဖြစ်ပါသည်။

ယင်းသို့ မြန်မာနိုင်ငံသားများ၏ဥပဒေပါ အခွင့်အရေး၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ ဖြင့် အတိအလင်း ထုတ်ပြန်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံသားများ၏ အခွင့်အရေးကို SME ဥပဒေတွင် (၁) ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားများ ရရှိထားတဲ့ နိုင်ငံသားအခွင့်အရေးကို ပိတ်ပင်ထားရန်။ (၂) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်ပါက နိုင်ငံခြားနှင့် ပူးပေါင်းခွင့်၊ နိုင်ငံခြားမှ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များ ပူးပေါင်းခွင့်မပြုရန်၊ သို့မဟုတ်ပါက (၃) မြန်မာနိုင်ငံသား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းထားပါက SME ဥပဒေအရ ရရှိမည့် အခွင့်အရေးများနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရန် စသည့် ရည်ရွယ်ချက်များ ဤဥပဒေတွင် ရှိပါသလား။ ကျွန်တော့်အနေနဲ့ ဒီလို ရည်ရွယ်ချက်ရှိသည် ဟု မထင်ပါ။

ထိုသို့ရည်ရွယ်ချက် ရှိပါက ဤဥပဒေသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းထားသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ခြင်း မရှိစေရဟူ၍ အပိုဒ်တစ်ပိုဒ် တိတိ ကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် လိုပါလိမ့်မည်။ သို့မှသာ အဓိပ္ပာယ် ရှင်းလင်းသည့် ဥပဒေဖြစ်ပါသည်။

အဲဒီလို ရည်ရွယ်ချက် မရှိဘူးဆိုရင်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းမဲ့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိထားတဲ့ လုပ်ငန်းရှင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့် အကျုံးဝင်စေရန် ပုဒ်မ ၂ (ဂ)၊ (၁)၊ (၂) တို့ကို အမျိုးသားလွှတ်တော်မှ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်ကတော့ ပုဒ်မ ၂(ဃ)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊(၇)၊ ၂ (ခ)၊ (၁)၊(၂)၊ (၃)၊ (၄)၊ (၅)၊ (၆) စကားရပ်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာပါတဲ့ အမြဲတမ်းဝန်ထမ်း ဆိုတဲ့စကားရပ်ကို ဝန်ထမ်းဆိုတဲ့

စကားရပ်နဲ့ အစားထိုးပြင်ဆင်ထားခြင်းကိစ္စ ဖြစ်ပါတယ်။ အမြဲတမ်းဝန်ထမ်းနဲ့ ဝန်ထမ်းနဲ့ အဓိပ္ပာယ်ကွာခြားပါတယ်။ အမြဲတမ်းဝန်ထမ်းဆိုတာ အစိုးရဝန်ထမ်းလို ပင်စင်အထိမရပေမယ့် လစာရတယ်။ ခွင့်ရက် ရတယ်။ အလုပ်ထုတ်နစ်နာကြေးရတယ်။ ဝန်ထမ်း ဆိုတာကတော့ နေ့စားလည်း ဖြစ်နိုင်တယ်။ ယာယီဝန်ထမ်းလည်း ဖြစ်နိုင်တယ်။ အမြဲတမ်းဝန်ထမ်းလို အာမခံချက် မရှိဘူး။ အလုပ်ရပ်ချင်တဲ့အချိန် ရပ်စဲခံရမယ်။ ဘာနစ်နာကြေးမှ မရဘူး။ အဲဒီတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အရဆိုရင် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေမှာ အလုပ်လုပ်မယ့် ဝန်ထမ်း၊ လုပ်အားရှင်တွေ အလုပ်အကိုင်ခိုင်မာမှု အာမခံချက် မရှိတဲ့ဘဝမျိုးတော့ ဖြစ်စေပါမယ်။

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေမှာတော့ ဝန်ထမ်း၊ အမြဲတမ်းဝန်ထမ်း ဆိုတဲ့ စကားရပ်ကို အသုံးမပြုဘဲ ယင်းဥပဒေ ပုဒ်မ ၂(က)မှာ အလုပ်သမားဆိုတဲ့ စကားရပ်ကို သုံးထားပါတယ်။ အလုပ်သမား ဆိုတာ လုပ်ငန်းတစ်ခုတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ၊ ကာယအား သို့မဟုတ် ဉာဏအားကို အသုံးပြုပြီး လုပ်ကိုင်ရရှိသော လုပ်အားခဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူကို ဆိုသည်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လူမှုဖူလုံရေးဥပဒေနဲ့ သက်ဆိုင်အကျုံးဝင်တဲ့ နယ်ပယ်များ ကတော့ ပုဒ်မ ၁၁ မှာ ပြဋ္ဌာန်းထားပြီး အကျယ်တဝင့် ရှင်းလင်းဖော်ပြထားရာ စီးပွားရေးလုပ်ငန်း အမျိုးအစားများစွာ ပါဝင်သည့်အပြင် ပုဒ်မ ၁၁ (က)(၉)မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်စေ လုပ်ကိုင်သောလုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများ ဟူ၍ ပါဝင်ပါသည်။ အလုပ်သမားဝန်ကြီးဌာန သည် အလုပ်သမားများ၊ ဝန်ထမ်းများကို လူမှုဖူလုံရေး အခွင့်အရေး ရရှိစေလိုသည့် ရည်ရွယ်ချက်ဖြင့် လူမှုဖူလုံရေးအကူအညီ ရရှိခံစားနိုင်အောင် ရေးဆွဲထားတာကိုလည်း သတိပြုစေ လိုပါတယ်။

နံပါတ်(၃)အချက်အနေဖြင့် ဆွေးနွေးလိုသည်မှာ ပြည်သူ့လွှတ်တော်မှ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂(ဂ)တွင် ဝန်ထမ်းဆိုသည်မှာ တစ်နေ့ (၆)နာရီ၊ တစ်လ (၂၀)ရက်ထက်မနည်း အခကြေးငွေ ယူ၍ အလုပ်လုပ်ကိုင်သော ပုဂ္ဂိုလ်များကို ဆိုသည် ဟု ဖော်ပြပါရှိရာ အလုပ်သမားဥပဒေတွင် အလုပ်ချိန်ကို တစ်နေ့လျှင် (၈)နာရီသတ်မှတ်ထားသဖြင့် ဤဥပဒေတွင်လည်း မြန်မာနိုင်ငံ အလုပ်သမားများအားလုံး အလုပ်ချိန်ကို တပြေးညီဖြစ်စေရန် တစ်နေ့လျှင် (၈)နာရီသတ်မှတ်ရန်သင့်ပါကြောင်း ဖြည့်စွက်ဆွေးနွေးအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ပြောပြရမည်ဆိုရင် မြန်မာနိုင်ငံ၏ အသေးစား နှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံမှ အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းရှင်များမှ လိုအပ်သော အကူအညီများပေးရန်၊ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဂျပန်-မြန်မာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာန JMEIC မှ ပြောကြားထားပါတယ်။ နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း IFC မှလည်း SME များအတွက် ချေးငွေချထားပေးရန်အတွက် ရိုးမဘဏ်နှင့် MOU လက်မှတ်ရေးထိုးပြီး အမေရိကန်ဒေါ်လာ ၅ သန်း တန်ဖိုးရှိ ပြောင်းလဲအသုံးပြုနိုင်မယ့် ချေးငွေကို ချထားပေးပြီး လာမည့် နှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၃၀ အထိ တိုးမြှင့်ပေးရန် သဘောတူထားပါသည်။ နိုင်ငံတကာနှင့် အစိုးရအဖွဲ့အစည်းတွေကလည်း SME ဖွံ့ဖြိုးဖို့အတွက် လိုအပ်တဲ့အကူအညီ၊ နည်းပညာ၊ ငွေကြေး ထောက်ပံ့မှုတွေ ပေးနေပါတယ်။ ဒါပေမဲ့ သိရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ အလွန် နည်းပါးကြောင်း SME စင်တာရဲ့ စာရင်းအရ မြန်မာနိုင်ငံမှာ SME များ ၆၀၀၀၀ ကျော်ရှိကြောင်း၊ SME များ ဖွံ့ဖြိုးဖို့ ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်မှုကဏ္ဍကနေပြီးတော့

လွန်လွန်ကဲကဲ ဝင်ရောက်စွက်ဖက်မှု လျှော့ချဖို့လိုအပ်ကြောင်း၊ ချေးငွေနဲ့ မတည်ငွေရင်းထောက်ပံ့မှု အစီအစဉ် စနစ်တကျ ချမှတ်ကျင့်သုံးရေး၊ ကျွမ်းကျင်လုပ်သားနဲ့ နည်းပညာများရရှိဖို့ လိုအပ်ကြောင်း၊ သုတေသနနဲ့ ဖွံ့ဖြိုးမှုလိုအပ်ချက်များ ဆောင်ရွက်ဖို့ ပြည်ပဈေးကွက်နှင့် ဈေးကွက်ဗဟုသုတဆိုင်ရာ ဗဟုသုတများလိုအပ်ကြောင်း၊ ဒါတွေကို ကြိုတင်ပြင်ဆင်မှုနဲ့အတူ ဖြည့်ဆည်းသွားရမှာဖြစ်ကြောင်း သိရပါတယ်။

နိုင်ငံတကာကဖြစ်စေ၊ ပြည်တွင်းဘဏ်ကဖြစ်စေ၊ ပြည်ပဘဏ်ကဖြစ်စေ၊ ဘယ်အဖွဲ့အစည်း ကပဲ ငွေချေးသည်ဖြစ်စေ တိုင်းတာမယ့်ပေတံတွေကတော့ (၁) လုပ်ငန်းက နိုင်ငံတော်ကို ဘယ်လောက် အကျိုးပြုနိုင်မလဲ၊ (၂) တီထွင်မှု ဘယ်လောက်ပါဝင်မလဲ၊ (၃) အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်း ကြီးမားအောင် ချိတ်ဆက်ပေါင်းစပ်ပေးနိုင်မလားဆိုတာကို စိစစ်တိုင်းတာပြီး ကူညီမှာ ဖြစ်ပါတယ်။ SME - အသေးစား၊ အလတ်စား လုပ်တိုင်း ထောက်ပံ့ငွေရမှာ မဟုတ်ပါဘူး။ ဘဏ်များက ဆိုရင် (၁) လုပ်ငန်းက ဘယ်လောက် ခိုင်မာလဲ၊ (၂) မူလအရင်းက ဘယ်လောက်ရှိလဲ၊ (၃) ရောင်းအား (သို့မဟုတ်) ဝင်ငွေဘယ်လောက် ပမာဏရှိလဲ ဆိုတာကြည့်ပြီး ချေးငွေပြန်လည်ပေးဆပ်နိုင်မှု အဓိက ထား၍ စစ်ဆေးပြီး ချေးပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် SME-အသေးစား၊ အလတ်စားမှတ်ပုံတင်တိုင်း ထောက်ပံ့ငွေရမယ်လို့ မျှော်မှန်း နိုင်မှာမဟုတ်ကြောင်း၊ အာဆီယံနိုင်ငံများ AFTA လွတ်လပ်စွာ ကုန်သွယ်မှုဒေသ ဖြစ်လာမယ့်အချိန် ကျွန်တော်တို့နိုင်ငံရဲ့ လုပ်ငန်းရှင်များဟာ များစွာယှဉ်ပြိုင်ရပါတော့မယ်။ ဒါကို ကြိုတင်ပြင်ဆင်နိုင်ဖို့ နိုင်ငံတော်မှာ အသေးစား နဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ရေးဆွဲပြီး ပြည်တွင်းပြည်ပမှ အကူအညီတွေ ရယူနိုင်အောင် စီစဉ်နေတာကိုတော့ များစွာ ဝမ်းသာကြိုဆိုပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ အမြဲတမ်းကြောင့်ကြပူပန်ခဲ့ကြတဲ့ အမျိုးသားအကျိုးစီးပွားကာကွယ်ရေး အရ နိုင်ငံသားတွေရဲ့ လုပ်ကိုင်စားသောက်ရမယ့် စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံခြားသားတွေ လက်ဝယ်ရောက်ရှိမှာ စိုးရိမ်ပြီး ကာကွယ်ထားလွန်းရင်တော့ တိုးတက်မှု နှောင့်နှေးနေမှာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံက တော်လှန်ရေးအစိုးရလက်ထက်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်၊ တပ်မတော်အစိုးရလက်ထက် ခေတ်(၃)ခေတ်၊ စုစုပေါင်းနှစ်ပေါင်း (၆၀)လောက် နိုင်ငံတကာနဲ့ စီးပွားရေးတံခါး ပိတ်ထားခဲ့တဲ့အတွက် ကျွန်တော်တို့ပြည်သူ အများကြီး နောက်မှာ ကျန်ခဲ့ပါတယ်။ စီးပွားရေးဆိုတာ ကိုယ်လုပ်တတ်သလောက် လုပ်တာပါ။ ဘာစနစ်၊ ဘာနည်းပညာမှ ကမ္ဘာနဲ့ ရင်ဘောင်တန်းပြီး လုပ်ကိုင်နေတာ မရှိပါဘူး။ ဒါကြောင့် ငါ့လှေ ငါထိုး ပဲခူးပဲရောက်ရောက် ဆိုပြီး သွားရမယ့် အချိန်အခါ မဟုတ်တော့ကြောင်းနဲ့ SME ဥပဒေ၏ အခွင့်အရေးကို ရယူပြီး ငါ့လှေကို စက်တပ်ပြီး မြန်မြန် လိုရာခရီးရောက်အောင် မောင်းရမယ့်ခေတ် ဖြစ်နေပါပြီလို့ ပြောချင်ပါတယ်။

ကိုယ့်နိုင်ငံနဲ့ကိုယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုငွေကြေးအကူအညီ၊ ခေတ်မီနည်းပညာအကူအညီ၊ ဈေးကွက်ချိတ်ဆက်မှု အကူအညီဆိုတာ SME လုပ်ငန်းရှင်များထဲက ဦးရေမည်မျှကို ထိရောက်တဲ့ အကူအညီ ပေးနိုင်မှာပါလဲ။ နိုင်ငံခြားနဲ့ လုံးဝပူးပေါင်းရမယ်လို့ ဆွေးနွေးလိုခြင်း မဟုတ်ပါ။ ပူးပေါင်းဖို့ လိုအပ်ရင် ပူးပေါင်းနိုင်ခွင့် လမ်းဖွင့်ပေးတဲ့ဥပဒေဖြစ်ဖို့တော့ လိုအပ်ပါတယ်။ နှစ်လမ်းသွား ဖြစ်သင့် ပါတယ်။ (၁၀၀)ရာခိုင်နှုန်း SME တွေရှိသလို နိုင်ငံခြားနဲ့ တည်ဆဲရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ ဥပဒေနဲ့ အညီ ပူးပေါင်းထားသော JV SME အသေးစား၊ အလတ်စား တွေလည်း ခွင့်ပြုပေးပြီး ဒီဥပဒေနဲ့

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ ချိတ်ဆက်ရေးဆွဲထားပေးတဲ့ ပြည်သူ့အခွင့်အရေးတွေကို ရရှိနိုင်ရန် ကာကွယ်စောင့်ရှောက်ပေး ရမှာ ဖြစ်တယ်လို့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ SME ဖွံ့ဖြိုးဖို့ အဓိကကျတဲ့ နည်းပညာတွေက နိုင်ငံခြားက ရမှာပါ။ အကြီးစားလုပ်ငန်းတွေကတော့ နိုင်ငံခြားနဲ့ ပူးပေါင်းခွင့်ရလို့၊ အဆင့်အတန်းမီ၍ ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားတွေက နိုင်ငံခြားနဲ့ ပူးပေါင်းခွင့်မရလို့ နည်းပညာအဆင့်အတန်း နိမ့်ကျနေဦးမယ်ဆိုရင် အသေးစားနဲ့ အလတ်စားဘဝတို့သည် အကြီးစားအတွက် ကုန်ကြမ်းထုတ်လုပ်ပေးတဲ့ အကြီးစား အောက်မှာနေပြီး အကြီးစားကိုသာ အမှီသဟဲပြုလုပ်ကိုင်စားသောက် ရတဲ့ ဘဝတွေဖြစ်ပါတယ်။ လောင်းရိပ်မိနေမှာပဲ ဖြစ်ပါတယ်။ အကြီးစားရဲ့ လက်ခုပ်ထဲကရေ ဘဝ ရောက်နေမှာ ဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားထုတ်ကုန်တွေ နိုင်ငံတကာဈေးကွက်ကို သွားနိုင်ကြမှာ၊ တက်လှမ်းနိုင်ကြမှာ မဟုတ်ပါဘူး။ အသေးစား အလတ်စားတွေကို အမျိုးသား အကျိုးစီးပွားအတွက် ကာကွယ်တာဟာ ကာကွယ်ရာမရောက်ဘဲ ဖွံ့ဖြိုးတိုးတက်ခွင့် မရအောင် ကာကွယ်ထားရာ ရောက်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက ပေးထားတဲ့ အခွင့်အရေးကို SME ဥပဒေက ပြည်သူတွေကို လုပ်ငန်းရှင် အများအပြား မပေါ်ထွန်း၊ မပေါ်ပေါက် နိုင်အောင် အလွှာအတန်းအစား ခွဲခြားပိတ်ဆို့ ကန့်သတ်ထားမှာလား၊ ပိတ်ပင်ထားမှာလား၊ ရှေ့က ဥပဒေနဲ့ နောက်က ဥပဒေပဋိပက္ခဖြစ်နေမယ်ဆိုရင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကြီးမားစွာ အခက်ကြုံရမှာဖြစ်လို့ ပုဒ်မ ၂ (ဂ)၊ (ဃ)၊ (ဎ) တို့အတိုင်း ဆက်လက် အတည်ပြုရန် သင့်ပါကြောင်းနှင့် ပုဒ်မ ၂၊ ပုဒ်မခွဲများတွင်ပါရှိသော အမြဲတမ်းဝန်ထမ်း ဆိုသည့် စကားရပ်၊ ပုဒ်မ ၂ (ဂ) တွင် ပါရှိသော ဝန်ထမ်း များ၏ အလုပ်ချိန်ကို တစ်နိုင်ငံလုံးရှိ အလုပ်သမားများနှင့်တန်းတူ အလုပ်ချိန် (၈)နာရီ ဖြစ်သင့်ကြောင်း အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြု လက်ခံပေးနိုင်ပါရန် တိုက်တွန်းဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၄၂။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင် များအားလုံး ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ Law ဟာ၊ ကျွန်တော်တို့ SME Law ဟာ ဘာနဲ့သွားပြီးတော့ သဘောထားကွဲလွဲနေလည်းဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်နဲ့ သတ္တု ဥပဒေမှာလည်း ဒီ ဒီဇိုင်းပဲ ဒီပုံစံအတိုင်းပဲ ကျွန်တော်တို့ သဘောထားကွဲလွဲတာဖြစ်တယ်။ အခု SME Law မှာလည်း ဒီပုံစံအတိုင်း သဘောထားကွဲလွဲတာဖြစ်တယ်လို့ ပထမဦးစွာ ကျွန်တော် သုံးသပ်တင်ပြ လိုပါတယ်။ ဘယ်လို ကျွန်တော်တို့နဲ့ အမြင်မတူတာဖြစ်နေလည်းဆိုတော့ ကျွန်တော်တို့က အသေးစား၊

အလတ်စားတွေကို ဖွံ့ဖြိုးတိုးတက်အောင်ဆိုပြီးတော့ နိုင်ငံခြားအရင်းအနှီး၊ နိုင်ငံခြား နည်းပညာ ဒါတွေကို ကျွန်တော်တို့က ယူခွင့်ပေးထားပေမယ့်၊ ပြည်သူ့လွှတ်တော်ကတော့ ဒါ တွေကို ယူခွင့်မပေးနိုင်ဘူးလို့ သတ္တုတွင်းဥပဒေမှာလည်း ဒီလိုပဲ မပေးနိုင်ဘူး။ ဒီမှာလည်း မပေးနိုင်ဘူးလို့ ပြောတယ်။ ပြောတဲ့အခါကျ ကျွန်တော်တို့က သူတို့ကတော့ ပြည်သူလူထုရဲ့ အသေးစားတွေ၊ အလတ်စားတွေကို Protect ပေါ့၊ ကာကွယ်မယ်ပေါ့၊ နိုင်ငံခြားကလူတွေ မဝင်နိုင်အောင်ကာကွယ်မယ်။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်တော့ ဒီ Law ရဲ့ ရည်ရွယ်ချက်ပေါ့၊ Law ရဲ့ ရည်ရွယ်ချက်မှာကိုက အသေးစား၊ အလတ်စားတွေ ဖွံ့ဖြိုးတိုးတက် အောင်ဆိုပြီးတော့ ရည်ရွယ်ချက်ပါတယ်။

အဲဒီလို ရည်ရွယ်ချက်ထဲမှာ ဘယ်လိုပါလည်းဆိုတော့ ဒီ Law ရဲ့ ဆွဲရခြင်းရဲ့ ရည်ရွယ်ချက်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနဲ့ ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာ အထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာ ရရှိရန်ဆိုပြီး ပါပါတယ်။ ပြီးရင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစရာနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်လာစေရန်လို့ ပါပါတယ်။ ဒီဟာကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ နိုင်ငံခြားအထောက်အကူနဲ့ နိုင်ငံခြားနည်းပညာ ယူမှဖြစ်လိမ့်မယ်၊ ဒါမှသာလျှင် AFTA ဆိုတဲ့ဟာ လာလို့ရှိရင် ကျွန်တော်တို့ဟာ ယှဉ်ပြိုင်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။ ဒီအတွက်ကို ဒီ Law ကို ကြိုတင် ပြင်ဆင်ထားရမယ်။ အဲဒါမှ မဟုတ်လို့ရှိရင် ကျွန်တော်တို့ဟာ အသေးစား၊ အလတ်စား Protect လို့ခေါ်တဲ့ ကာကွယ်လိုတဲ့စိတ် မဟုတ်ဘဲနဲ့ Prevent လို့ခေါ်တဲ့ ဟန့်တားပိတ်ပင်ရာ ရောက်သွားလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်က ကျွန်တော် ဆွေးနွေးလိုတာက အခန်း(၉)၊ ပုဒ်မ ၂၃(ဂ) အဲဒီမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က စာရင်းဇယားမှတ်တမ်းကို သတ်မှတ်ချက်နဲ့အညီ ပြုစုထိန်းသိမ်းခြင်းနဲ့ လိုအပ်ချက်နဲ့အညီ စစ်ဆေးမှုခံယူခြင်းလို့ ပါပါတယ်။ ပြည်သူ့လွှတ်တော်က အဲဒီ အပိုဒ်ကို တစ်ပိုဒ်လုံး ပယ်ဖျက်ထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပယ်ဖျက်လိုက်လို့ရှိရင် ကုမ္ပဏီတွေ၊ ဘဏ်တွေ၊ ငွေကြေးထောက်ပံ့မှုပြုလုပ်တာတွေ၊ ဒီအထောက်အပံ့နဲ့ ငွေကြေးတွေကို လုပ်ငန်း တိုးတက်မှုအတွက် အသုံးပြုတဲ့ ရလဒ်ကောင်းတွေပေါ်ပေါက်ခြင်း ရှိ/မရှိ။ ဒါတွေကို မှန်မှန်ကန်ကန် လုပ်ထားတာရှိ/မရှိ။ ဒီလို စာရင်းဇယားတွေကို စစ်ဆေးပိုင်ခွင့် မရှိတော့ဘူးလို့ ယူဆရမှာ ဖြစ်တယ်။ ဒီလိုမျိုးကြီးတော့ မကောင်းပါဘူး။ အဲဒါကြောင့် အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ၂၃(ဂ)ဟာ ပြန်လည် ထည့်သွင်းသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ၂၀၁၀ ကစပြီးတော့ Democratizition ကို သွားတဲ့အတွက်ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက အထူးသဖြင့် Especialy USA နဲ့ Europe က EU က ကျွန်တော်တို့ကို Sanction လုပ်ထားတယ်။ Release လုပ်ပေးပါတယ်။ ဖြေလျှော့ပေးပါတယ်။ အနည်းအကျဉ်းပဲ ကျန်ပါတော့တယ်။ အခု ကျွန်တော်တို့ ရင်ဆိုင်နေရတာက ကိုယ့်ဟာကိုယ်ပြန်ပြီးတော့ ဥပဒေထုတ်ပြီးတော့ Sanction လုပ်တဲ့ ကိုယ့်ဥပဒေနဲ့ကို Sanction မိနေတဲ့ အခြေအနေဖြစ်နေပါတယ်။ အဲဒီတော့ ဒီ ကိုယ့်ရဲ့ အငယ်စားတွေ၊ အလတ်စားတွေကို နိုင်ငံခြားနည်းပညာ မယူရဘူးဆိုပြီးတော့ ပိတ်ပင်လိုက်တာဟာ ကိုယ့်ဥပဒေနဲ့ကို ကိုယ့်ပြည်သူကို Sanction လုပ်သလို ဖြစ်နေတဲ့အတွက် ကျွန်တော်တို့က ၂(ဂ)ကိုတော့ ခုနက ဦးနေဝင်းထွန်း တင်ပြသွားသလိုပဲ ၁၀၀

Percent Investment မဟုတ်ပါဘူး။ Joint လုပ်သင့်ရင်လုပ်နိုင်အောင် လမ်းကြောင်း ဖွင့်ပေးသင့်တယ်လို့ ကျွန်တော် ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ၂(ဂ) ဟာ၊ ကျွန်တော်တို့ ၂(ဂ)၊ (၁)(၂)ပေါ့၊ ၂၃(ဂ) ဒါတွေဟာ လိုအပ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အလုပ်သမားဥပဒေမှာ ၂၀၁၂ ကပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ Law တစ်ခုကို ပြဋ္ဌာန်းတော့မယ်ဆိုရင် Contradiction of Law ဆိုပြီးတော့ ရှေ့က ရှိပြီးသား Law တွေနဲ့သွားပြီးတော့ ပွတ်တိုက်မှု မဖြစ်အောင်၊ ဆန့်ကျင်ဘက်မဖြစ်အောင် ကျွန်တော်တို့က စဉ်းစားရပါမယ်။ ဆိုတော့ အလုပ်သမားဥပဒေက ၂၀၁၂ ကတည်းက ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီမှာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံက အလုပ်သမားဥပဒေရယ်လို့မဟုတ်ပါဘူး။ ကမ္ဘာ့နိုင်ငံက အလုပ်သမားဥပဒေမှာလည်း အလုပ်ချိန်ဟာ(၈)နာရီပါ။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်က အလုပ်ချိန်ကို တစ်နေ့ကို (၆)နာရီဆိုပြီးတော့ ထူးထူးဆန်းဆန်း ဖော်ပြသတ်မှတ်ထားတာဖြစ်တယ် ဆိုတော့ ကျွန်တော်တို့က ကမ္ဘာပေါ်မှာ တစ်နေ့ကို အလုပ်ချိန်(၈)နာရီ သတ်မှတ်ထားတယ်။ မြန်မာပြည်က အလုပ်သမား ဥပဒေမှာလည်း တစ်နေ့ကို (၈)နာရီ သတ်မှတ်ထားတယ်။ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်လိုက်တဲ့ ၂(ဂ) မှာတော့ အလုပ်ချိန်ကို တစ်နေ့ကို(၆)နာရီနဲ့ (၁)လ ရက်(၂၀)ထက်မနည်းဆိုပြီးတော့ ဒီလိုဖော်ပြ လိုက်တာဟာ ဒါ Contradiction of Law ဖြစ်နေပါတယ်လို့ ကျွန်တော်တို့ ဆွေးနွေးရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုထပ်ဖြစ်တာက ကျွန်တော်တို့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေရှိပါတယ်။ အဲဒီ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ၂၀၁၃ ကပြဋ္ဌာန်းတာပါ။ ၂၀၁၃ ကပြဋ္ဌာန်းပြီးသားဖြစ်တဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ပါပြီးသားပါ။ အသေးစားနှင့် အလတ်စား ကျွန်တော်တို့ မိမိ၏ ရှယ်ယာကို ၁၆(င)မှာ မိမိ၏ ရှယ်ယာအချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ တစ်ခုခုကို လွှဲပြောင်းရောင်းချမည်ဆိုပါက နိုင်ငံခြားရင်းနှီးမှုဥပဒေနဲ့အညီ ဆောင်ရွက်ခွင့်ရှိသည်။ ဒါဟာ ကိုယ့်ရဲ့ရှယ်ယာကို နိုင်ငံခြားသားကို ရောင်းနိုင်တယ်။ တစ်ဝက်တစ်ပျက်လည်းရောင်းနိုင်တယ်၊ အကုန်လုံးရောင်းချင်လည်းရတယ်။ အဲဒါဆိုရင် သူနဲ့ကိုယ်နဲ့ Joint လုပ်တာပဲ၊ ဒါကို ၂၀၁၃ မှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ပြဋ္ဌာန်းပြီးဖြစ်တယ်။ အဲဒီမှာ SME Law မှာကျတော့ ပြည်သူ့လွှတ်တော်က နိုင်ငံခြားမရဘူး၊ မလာရဘူးဆိုပြီးတော့ ဒီလိုမျိုး ပိတ်ပင်ထားရင် ဒီ Law နှစ်ခုဟာ Contradiction of Law ဖြစ်နေတဲ့အတွက်ကြောင့် ဆီလျော်မှုမရှိပါဘူး။ လာမယ့် နိုင်ငံခြားသားကလည်း Investment လာလုပ်တဲ့သူကလည်း၊ ခင်ဗျားတို့ Investment Law မှာကျတော့ ခွင့်ပြုတယ်၊ SME Law မှာကျတော့ ခွင့်မပြုဘူး၊ ဘယ်လိုဖြစ်နေတာလည်းဗျာလို့ ကျွန်တော်တို့ မေးမှာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ရှောင်ရှားသင့်ပါတယ်။

နောက်တစ်ခါ ၁၆(စ)မှာ ဘယ်လိုဖော်ပြထားလဲဆိုတော့ ဒါ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာပဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်းတည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်လို့ အတိအလင်း ပြဋ္ဌာန်းပြီးသား ဖြစ်တယ်။ အဲဒီလို ပြဋ္ဌာန်းပြီးသားဖြစ်ရဲ့သားနဲ့ ဒီမှာကျတော့ မရဘူးဆိုရင် ဒါ အကျိုးအကြောင်းဆီလျော်မှု မရှိပါဘူးလို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ မဟုတ်လို့ရှိရင် ကျွန်တော်တို့ဟာ၊ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုဟာ လူလတ်တန်းစားတွေ ကြီးပွားချမ်းသာလာမှ လူလတ်တန်းစား

တွေ ပေါ်များလာမှ ကျွန်တော်တို့ အဆင်းရဲဆုံးနိုင်ငံကနေ ရုန်းထွက်နိုင်မယ်လို့ ကျွန်တော် လေ့လာဖူးပါတယ်။ သူဌေးတွေ လူနည်းစုရှိနေမယ်၊ ဆင်းရဲသားတွေအများကြီးရှိနေမယ်ဆိုတာထက် ဆင်းရဲသားတွေကနေ လူလတ်တန်းစားတွေအများကြီး ပေါ်ပေါက်လာဖို့ ဒီ SME Law ဟာ အများကြီး အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လူလတ်တန်းစားတွေ ကြီးပွားတိုးတက်လာအောင်ဆိုတာဟာ ဒီ Law မှာ ကျွန်တော်တို့က Flexible ဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ဘေးနားက အိမ်နီးချင်းတိုင်းပြည်တွေရဲ့ သူတို့ ဘာလို့ ကြွယ်ဝချမ်းသာသွားကြတာလည်းဆိုရင် ဒီ SME Law သူတို့မှာ သိပ်ကောင်းပါတယ်။ သူတို့ဟာ နိုင်ငံခြား အထောက်အကူ၊ နိုင်ငံခြားနည်းပညာ လုံးဝယူပါတယ်။ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဥပမာအားဖြင့် ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် သူတို့ တိုင်းပြည်နဲ့ ကျွန်တော်တို့ တိုင်းပြည် အတူတူစိုက်တယ်၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကျွဲကောသီး အတူတူစိုက်တယ်။

ဒါပေမဲ့ သူတို့ဟာက ပိုပြီးကောင်းနေတယ်။ ပိုပြီး ထုပ်ပိုးမှုစနစ်ကောင်းနေတယ်။ ပိုပြီး ကမ္ဘာ့နိုင်ငံတွေကို ဖြန့်နိုင်တယ်။ အဲဒါ ဘာကြောင့်လဲ နိုင်ငံခြားနဲ့ချိတ်ဆက်မှု ရှိတယ်။ နည်းပညာ အထောက်အကူရတယ်။ ကျွန်တော်တို့က ကိုယ့်ဟာကိုယ်စိုက်၊ ကိုယ့်ဟာကိုယ် ကိုယ့်ပြည်တွင်းမှာပဲ သုံးနေတယ် ဆိုရင် ဒိုရင်းဒိုရင်းဘဝက လွတ်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ နိုင်ငံခြားနည်းပညာ၊ နိုင်ငံခြား အထောက်အပံ့ ယူကိုယူသင့်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ဟာ ကမ္ဘာ့အဆင့်ကို လက်လှမ်းမီမှာ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပုဒ်မ ၂၃(ဂ)ဟာ ပြန်ထည့်သင့်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့က ခုနက ဦးနေဝင်းထွန်း ဆွေးနွေးသွားတာထဲမှာပါတယ်။ လှေကို လက်နဲ့လှော်မလား၊ စက်နဲ့သွားမလား၊ လက်နဲ့လှော်ရင်တော့ ကျွန်တော်တို့ဟာ တော်တော်နဲ့ ရောက်မှာမဟုတ်ဘူး။ စက်တပ်သွားမယ်ဆိုရင် ဒီစက်က ကျွန်တော်တို့ဆီမှာ မရှိဘူး။ ကျွန်တော်တို့က အထောက်အကူယူရမယ်၊ နည်းပညာယူရမယ်၊ နည်းပညာတွေနဲ့ အထောက်အကူယူမှ ကိုယ့်လှေကို လက်နဲ့လှော်မယ့်အစား စက်တပ်ပြီးတော့ သွားနိုင်မှာဖြစ်တယ်။ အဲဒီတော့ ဒီစက်ဆိုတာကတော့ ကျွန်တော်တို့က နိုင်ငံခြားက ဝယ်ရမယ်၊ ဝယ်ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အထောက်အပံ့လိုတယ်၊ နည်းပညာလိုတယ်၊ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ လက်နဲ့သာ လှော်နေမယ်ဆိုရင်တော့ ကျွန်တော်တို့က AFTA လာရင် သူတို့ကပဲ ကျော်တက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အားဖြင့်တင်ပြလိုတာကတော့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက ပေးထားတဲ့ အခွင့်အရေးတွေ၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ လုပ်မှုဖူလုံရေး ဥပဒေတွေနဲ့ ဆန့်ကျင်ခြင်းမဖြစ်အောင် ၂(ဂ)၊(၁)(၂)၊ ၂၃(ဂ) တို့ကို အမျိုးသားလွှတ်တော်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]